ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ပထမဝါဆိုလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့၊ (5-7-2004) (၄၂၈၅)

ရန်ကုန်မိုး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

မာတာပိတု ဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တစ်နိုင်ငံလုံးတွင် ကွက်လပ်မကျန်အောင် တက္ကသိုလ်၊ ကောလိပ်များ ဖြန့်ကြက်ပေါ်ထွန်းနေ အဆင့်မြင့်ပညာသင်ယူနိုင်သည့် နိုင်ငံတကာအဆင့်မီ အခြေခံအဆောက်အအုံများလည်း ဖြစ်ထွန်းနေပြီဖြစ် နိုင်ငံတော်၏ အမျိုးသားပညာရေးဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက် ကျောင်းသားလူငယ်များ အမျိုးသားရေးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိအောင် လေ့ကျင့်ပျိုးထောင်

ရန်ကုန် ဇူလိုင် ၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သို့ ရောက်ရှိကြသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❒

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျောက်တန်းမြို့ မင်းကျောင်းလမ်းရှိ အဆိုပါ အဆောက်အအုံသစ်၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အဆောက်အအုံ မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** *

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

၅-၇-၂၀၀၄
(တနင်္လာနေ့)

မူးယစ်ဆေးဝါးပပျောက်ရေး အရှိန်အဟုန်မြှင့်ကြိုးပမ်း ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေး ပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကို ဇွန်လ ၂၆ ရက်နေ့က ရန်ကုန်မြို့ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်ဝင်းအတွင်းရှိ မီးရှို့ဆောင်၌ ကျင်းပခဲ့သည်။

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့၌ အခမ်းအနားဖြင့် ယခုကဲ့သို့ မီးရှို့ဖျက်ဆီးခဲ့သည်မှာ (၁၈)ကြိမ်ရှိပြီ ဖြစ်သည်။ ရန်ကုန်မြို့၌ သာမက နယ်စပ်ဒေသများနှင့် အခြားမြို့များတွင်လည်း ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများအပြင် ဘိန်းမျိုးစေ့များကို မီးရှို့ဖျက်ဆီးခဲ့သည်မှာ (၃၂)ကြိမ်ရှိပြီဖြစ်သည်။

ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားတွင် ဘိန်း၊ ဘိန်းဖြူ၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြား၊ စိတ်ကြွဆေးမှုန့်၊ ဒိုင်ယာဇီပမ်ဆေးပြားများကို မီးရှို့ဖျက်ဆီးခဲ့ရာ တန်ဖိုးအားဖြင့် ဒေါ်လာသန်းပေါင်း ၂၄၇ သန်းကျော်ရှိကြောင်း သိရသည်။

ကမ္ဘာ့ လူသားမျိုးနွယ် အားလုံးကို လူညွန့် တုံးစေသည့် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးသည့် လုပ်ငန်းများအပါအဝင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို မြန်မာနိုင်ငံက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် နိုင်ငံတော်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ပထမငါးနှစ်စီမံကိန်းကာလအတွင်း ရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယခု ဒုတိယငါးနှစ်စီမံကိန်းကာလတွင်လည်း မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များ အောင်မြင်စေရန် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများပူးပေါင်း၍ အစွမ်းကုန်ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်။

မူးယစ်ဆေးဝါး၏ ဆိုးကျိုးပြဿနာများသည် ကိုယ်တိုင်သုံးစွဲသူများသာမက ယင်းတို့၏မိသားစုနှင့် လူမှုပတ်ဝန်းကျင်ကိုပါ ထိခိုက်စေလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်း၊ ဒေသတိုင်းက မူးယစ်ဆေးဝါးများအန္တရာယ်ကို အရှိန်အဟုန်ဖြင့် တားဆီးကာကွယ်လုပ်ဆောင်လျက်ရှိကြသည့်နည်းတူ မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာသော ပြဿနာများ လျော့နည်းပပျောက်စေရန် ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ချမှတ်ဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးနည်းဗျူဟာနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ရွှေပြည်သာနှင့် ရွှေပြည်အေးလူငယ်များ ပြုစုပျိုးထောင်ရေးစခန်းနှစ်ခုကို ဖွင့်လှစ်ပြီး မူးယစ်ဆေးစွဲသူများအား ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ လူမှုဝန်ထမ်းဦးစီးဌာန၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ပြည်နယ်နှင့်တိုင်းများတွင် ပြန်လည်ထူထောင်ရေးစခန်း ခြောက်ခု ဖွင့်လှစ်ပြီး ဆေးဝါးကုသမှုခံယူပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ကျန်းမာရေးဦးစီးဌာန၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ပြည်နယ်နှင့်တိုင်းများတွင် မူးယစ်ဆေးစွဲသူများအား ကုသပေးနိုင်ရန် ဆေးကုဌာနကြီး ၂၆ ခုနှင့် ဆေးကုဌာနငယ် ၄၀ တို့အား ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

သို့ဖြစ်ရာ လူသားအားလုံးအတွက် အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါး အမြစ်ပြတ်ပပျောက်ရေးအတွက် နိုင်ငံတော်က အရှိန်အဟုန်မြှင့်ကြိုးပမ်းလျက်ရှိချိန်တွင် နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ရင်း မူးယစ်ဆေးဝါး အလွဲသုံးစွဲမိသဖြင့် ဆေးစွဲနေသူများအား ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့နှင့် ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အမျိုးသမီးများ အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသမီးများ အင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲနှင့် အလှူရှင်များ၊ ကူညီသူများအား ဂုဏ်ပြုလွှာပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးလုပ်ငန်းအဖွဲ့နှင့် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းကြီးကြပ်ဖွင့်လှစ်သော အမျိုးသမီးများ အင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲနှင့် ကျောင်းသား၊ ကျောင်းသူလေးများအတွက် ပညာသင်စရိတ် ပံ့ပိုးလှူဒါန်းခဲ့သောအလှူရှင်များနှင့် သင်တန်းဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီခဲ့ကြသူများအား ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးသက်နှင့် ဒေါ်သန်းသန်းနွဲ့၊ အကြံပေးပုဂ္ဂိုလ်များ၊ ပညာရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်မင်းသက်မွန်နှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မြမြနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြဆရာမများ၊ အလှူရှင်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မြမြက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးများအင်္ဂလိပ်စကားပြောသင်တန်းမှ သင်တန်းသူလေးများက သီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေဂုဏ်ပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က သင်တန်းသူများအတွက် သင်တန်းသူ ကိုယ်စားလှယ်များအား သင်တန်းဆင်းလက်မှတ်များကိုချီးမြှင့်သည်။

ထို့နောက် သင်တန်းသူများကိုယ်စား မစိန်စိန်မြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ဂုဏ်ပြု

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူလေးများအတွက် ပညာသင်စရိတ် ပံ့ပိုးငွေ ကျပ်နှစ်သိန်း အလှူရှင် ဦးသန်းမြင့် - ဒေါ်ခင်သိန်းကြည်နှင့် ငွေကျပ်လေးသိန်း လှူဒါန်းခဲ့သော အလှူရှင် ဦးစိန်သန်း-ဒေါ်သီတာဦး မိသားစုတို့အား ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က လည်းကောင်း၊ ငွေကျပ်တစ်သိန်းစီလှူဒါန်းခဲ့ကြသော ဦးစိုးလင်း-ဒေါ်ဂင်စွီမိသားစု၊ ဒေါ်ခင်ဖွားမိသားစု၊ ဦးအောင်မျိုး - ဒေါ်လှလှမြမိသားစု၊ ဦးထက်ညီ- ဒေါ်ယဉ်ယဉ်မြင့်မိသားစုနှင့် ပညာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မင်းသက်မွန်တို့အား ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လည်းကောင်း၊ ငွေကျပ်သုံးသောင်းနှင့်အောက်လှူဒါန်းခဲ့ကြသော အလှူရှင်များ ကိုယ်စား အလှူရှင်နှစ်ဦးအား ပညာရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်လေးမြင့်ကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ထို့နောက် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့အကြံပေးပုဂ္ဂိုလ် ဒေါ်ကြည်ကြည်ဝင်းက သင်တန်းနည်းပြ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်သည်။

ယင်းနောက် ပညာရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ဝင်းရွှေက သင်တန်းဖြစ်မြောက်ရေးအတွက် ကူညီခဲ့ကြသော ကျောင်းအုပ်ဆရာမကြီးများနှင့် ကျောင်းသူလေးများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ပြီး ပညာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မင်းသက်မွန်က ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

ဆေးပညာဟောပြောပွဲနှင့် ဉာဏ်ရည်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့က ကြီးမှူး၍ စတုတ္ထအကြိမ်မြောက် ဆေးပစ္စည်းပြပွဲ၊ ဆေးပညာဟောပြောပွဲနှင့် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ဉာဏ်ရည်ပြိုင်ပွဲကို ဇူလိုင် ၁၀ရက်မှ ဇူလိုင် ၁၁ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် အများပြည်သူများအတွက် ဆေးနှင့် ဆေးပစ္စည်းများကို နံနက် ၉နာရီမှ ညနေ ၄နာရီထိ ခင်းကျင်းပြသထားပြီး ဆရာဝန်များအတွက် နှလုံးနှင့် သွေးကြောရောဂါဆိုင်ရာ ကုထုံးသစ်များကို ပါမောက္ခ ဦးအောင်ချိန်က ဇူလိုင် ၁၁ရက်တွင် ဟောပြောပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ၊ ဆေးကျောင်းသားများနှင့် စိတ်ပါဝင်စားသူများသည် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်(ဘီ)၊ အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ တက်ရောက်နိုင်ကြသည်။ (သတင်းစဉ်)

တာဝန်ကျေကျေ ဒို့ချစ်မြေ

☆ ကမ္ဘာ့မြင်ကွင်း၊ စစ်တလင်းတည့်
ချစ်ခြင်းတရား၊ လွန်ခေါင်းပါးလျက်
စော်ကားသမှု၊ ဝင်ရောက်ပြု၍
သူ့ဂုဏ်သိက္ခာ၊ အဘယ်ပါနည်း
ရင်မှာလှပ်လှပ်၊ သည်းဆတ်ဆတ်မျှ
မွန်းကျပ်နေကြ သည်ကာလဝယ်။

☆ မြတ်သမိုင်းဝင်၊ ညောင်နှစ်ပင်၌
ကြည်လင်မြတ်လေး၊ ဒို့ရှေ့ရေးကို
ဆွေးနွေးတိုင်ပင်၊ မြတ်နိုးခင်လျက်
ကြင်နာရိုးသား၊ တန်ဖိုးထားကာ
လေးစားယုံကြည်၊ ဆုံကြပြီတည့်။

☆ "ငါ-တကော"ဖြင့် ဘယ်သောခါမျှ
ညှိမရပါ၊ သမိုင်းပုံရိပ်
ရှေးအတိတ်များ၊ ဆိတ်ဆိတ်နေလဲ
ဝန်ခံဆဲပင်၊ ရဲရင့်ဖွံ့ဖြိုး
တည်ငြိမ်တိုးတက်၊ အေးချမ်းလျက်သာ
ခေတ်မီပါရေး၊ စဉ်မြော်တွေးလော့
"အေးတူပူမျှ၊ လက်တွဲကြ"
"ညီညွတ်ချစ်ခင်၊ စည်းလုံးကြ"
"လှိုက်လှိုက်လှဲလှဲ၊ ကြိုးပမ်းကြ"။ ။

နောင်လွှင်

ဆန္ဒပြ ဆန့်ကျင်

ဇွန် ၂၉ ရက်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် နေတိုး ဆန့်ကျင်ရေးဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးအခက်အခဲကြောင့် အီရတ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြန့်ကြာနေ

ဝါရှင်တန် ဇူလိုင် ၃

အမေရိကန်သမ္မတဘုရှ်က အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ထောက်ပံ့ရန်ကတိပြုထားသော ငွေများမှာထုတ်ပေးပြီးဖြစ်ကြောင်း အိမ်ဖြူမှ သတင်းထုတ်ပြန်ခဲ့သည်။ အမေရိကန်ကွန်ဂရက်သည် အီရတ်ပြန်လည်တည်ဆောက်ရေး စီမံကိန်းများတွင် သုံးစွဲရန် ဒေါ်လာသန်း ၂၀၈၀၀ ကို ခွဲဝေပေးခဲ့ပြီးဖြစ်သည်။ ထိုငွေများအနက် လွန်ခဲ့သောလအထိ အမှန်တကယ်သုံးစွဲပြီးခဲ့သော ငွေပေါင်းမှာ ဒေါ်လာသန်းပေါင်း ၁၈၀၀ ရှိကြောင်း အစိုးရပိုင်းအရာရှိများက ဆိုသည်။ ကျန်ရန်ပုံငွေများ၏ ထက်ဝက်ကျော်မှာ ဆက်လက်ကျခံသုံးစွဲရန် အသင့်အနေအထားတွင် ရှိသည်ဟုဆိုသည်။

အီရတ်များသို့ အမေရိကန်များသည် အကန့်အသတ်နှင့်သာ ကျင့်သုံးပိုင်ခွင့်ရှိသော အာဏာကို လွှဲပြောင်းပေးခဲ့သည်။ ထိုသို့ လွှဲပြောင်းမပေးမီအချိန်တွင် တိုက်ခိုက်မှုများ တိုးမြင့်လာပြီး လုံခြုံရေးအခြေအနေများ ဆိုးရွားလာသည်။ ထိုအခြေအနေများကြောင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများအနက် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းမှာ ထိခိုက်မှု အများဆုံးဖြစ်၏။ ခုခံရေးသမားများက တိုက်ခိုက်မှုများ ပြုလုပ်မည်ဟု ခြိမ်းခြောက်ခြင်း၊ ယာဉ်နှင့်ယာဉ်မောင်းများကို တိုက်ခိုက်ခြင်းတို့ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ထောက်ပံ့ရေးနှင့် စက်ပစ္စည်းများ သယ်ပို့ကြရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခြင်းစသည့် အခြေအနေများနှင့် ကြုံကြရသည်။

လျှပ်စစ်ဓာတ်အား ကဏ္ဍတွင် လုပ်ကိုင်နေကြသော ကန်ထရိုက်အများအပြားသည် ၎င်းတို့၏ ဝန်ထမ်းများကို အီရတ်မှပြန်လည်ရုပ်သိမ်းသွားခဲ့ခြင်း သို့မဟုတ်ပါက လုံခြုံရာ တပ်စခန်းမှ အဝေးသို့ သွားခြင်းကို တားမြစ်ခဲ့ကြသည်။

မူလက ၂၀၀၄ခုနှစ် ဇွန်လအရောက်တွင် ဓာတ်အားမဂ္ဂါဝပ်၆၀၀၀ထုတ်လုပ်ပေးရန် ရည်မှန်းချက်ရှိသည်။ သို့ရာတွင် ယခုအခါ အီရတ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှု စွမ်းအားသည် မဂ္ဂါဝပ် ၄၆၀၀သာ ထုတ်လုပ်ပေးနိုင်သော အခြေအနေရှိသည်ကို တွေ့ကြရသည်။

ရေနံလုပ်ငန်းများပြန်လည်ထူထောင်ရာ၌လည်း အလားတူအခက်အခဲမျိုးနှင့် ရင်ဆိုင်နေရသည်။ လုံခြုံရေးပြဿနာများနှင့် ငွေရေးကြေးရေးဆိုင်ရာ ပြဿနာများရှိနေသည်။ ပြန်လည်ပြင်ဆင်ရေးအစီအမံများထဲတွင်သဘာဝဓာတ်ငွေ့စက်ရုံပြုပြင်ရေးလုပ်ငန်းလည်း ပါဝင်သည်။ ထိုစက်ရုံမှာ ယမန်နှစ်အတွင်း ကာလက အကြီးအကျယ် လုယက်ဖျက်ဆီးခြင်းခံခဲ့ရသည်။

အကျဉ်းထောင် လုံခြုံရေးဝန်ထမ်းများကို လေ့ကျင့်ပေးရာ၌လည်း တိုးတက်မှုမှာ နှေးကွေးနေသည်။ ဤနေရာတွင်တွေ့ရသောအကြောင်းရင်းမှာလည်း လုံခြုံရေးပြဿနာပင်ဖြစ်ကြောင်း အာဏာပိုင်များက ဝန်ခံထားသည်။

ဘုရှ်အစိုးရသည် ယခင်အကျဉ်းထောင်ဟောင်း အဘူဂါရိပ်ကို ဖျက်သိမ်းပြီး နေရာသစ်တွင် အကျဉ်းထောင်သစ်ကို ဆောက်လုပ်ရန် စီစဉ်ခဲ့သည်။ သို့ရာတွင် နေရာသစ်တွင် မြေအမျိုးအစား မကောင်းခြင်းနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ တွေ့ခဲ့ရ၍ အဆောက်အအုံအသစ် ဆောက်လုပ်ရေး အစီအစဉ်ကို ရပ်ဆိုင်းခဲ့သည်။

ကွန်ဂရက်သည် ၂၀၀၃ ခုနှစ် ဧပြီလအတွင်း အီရတ်ပြန်လည်ထူထောင်ရေး၌ သုံးစွဲရန် ကနဦးငွေအဖြစ် ဒေါ်လာသန်း ၂၅၀၀ ခွင့်ပြုခဲ့သည်။ ထိုငွေများအနက် ဒေါ်လာ သန်း ၁၄၀၀သာ သုံးစွဲရသေးကြောင်း သိရသည်။

နောက်ပိုင်းတွင် ကွန်ဂရက်သည် ပြန်လည်ထူထောင်ရေးအတွက် အမေရိကန် ဒေါ်လာသန်း ၁၈၄၀၀ ကိုခွဲဝေသတ်မှတ်ပေးခဲ့သည်။ ထိုငွေများအနက် ဒေါ်လာသန်း ၁၁၂၀ ကို သုံးစွဲရန် သီးသန့် ဖယ်ထားခဲ့သည်။ ထို့အပြင် အမေရိကန်ဒေါ်လာသန်း ၁၃၀၀ ကို ဥပဒေနှင့်အညီ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ပေးချေရန် ခွင့်ပြုထားပြီးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူညီချက် အာဆီယံနိုင်ငံများ၏ထောက်ခံမှုကို သြစတြေးလျ ကြိုဆို

ကင်ဘာရာ ဇူလိုင် ၃

သြစတြေးလျနှင့်နယူးဇီလန်တို့နှင့် လွတ်လပ်သည့်ကုန်သွယ်ရေးသဘောတူညီချက် (အက်ဖ်တီအေ) ချုပ်ဆိုရေးအား အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နိုင်ငံခြားရေးဝန်ကြီးများ၏ ထောက်ခံမှုကို သြစတြေးလျ ကုန်သွယ်ရေးဝန်ကြီး မတ်ဗေးလ်က ကြာသပတေးနေ့တွင် ကြိုဆိုလိုက်သည်။

ယခုနှစ်နှောင်းပိုင်းတွင် ကျင်းပမည့် ထိပ်သီးအစည်းအဝေးသို့ သြစတြေးလျနှင့် နယူးဇီလန်ခေါင်းဆောင်များအား ဖိတ်ကြားရန် ဂျကာတာမြို့တွင် နှစ်ပတ်လည် အစည်းအဝေးအပြီး ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်သည့် ပူးတွဲကြေညာချက်၌ ၁၀နိုင်ငံပါဝင်သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။ သြစတြေးလျနှင့် နယူးဇီလန်တို့နှင့် အက်ဖ်တီအေ စာချုပ်ချုပ်ဆိုရေး စဉ်းစားရန်နှင့် ထိပ်သီးအစည်းအဝေးတွင် ကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရေး ထောက်ခံကြောင်း အာဆီယံကုန်သွယ်ရေးဝန်ကြီးများ၏ ဆုံးဖြတ်ချက် ထွက်ပေါ်လာပြီးနောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ကြေညာချက် ထပ်မံပေါ်ထွက်လာခြင်းဖြစ်သည်။

အာဆီယံထိပ်သီးအစည်းအဝေးတွင် အခြားကိစ္စရပ်များလည်း ပါဝင်မည်ဟု အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ပြောကြားရာ ယင်းကိစ္စများထဲတွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် အခြား လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ပါဝင်မည်ဟု မျှော်လင့်ရသည်။

အက်ဖ်တီအေ ချုပ်ဆိုရေးအတွက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများက ထောက်ခံမှုသည် သြစတြေးလျနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးဆက်ဆံမှု ခိုင်မာတောင့်တင်းရေးကို ထပ်မံ ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း သြစတြေးလျ ကုန်သွယ်ရေးဝန်ကြီး ဗေးလ်က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇွန် ၂၉ ရက်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် နေတိုး ဆန့်ကျင်ရေးဆန္ဒပြပွဲ၌ ရဲတပ်ဖွဲ့ဝင်များက လူစုခွဲသဖြင့် ဆန္ဒပြသမားများ ထွက်ပြေးတိမ်းရှောင်ကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့ ဆင်ခြေဖုံး၌ တိုက်ပွဲဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၃

ဖော်လူဂျာမြို့ ဆင်ခြေဖုံးတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံရေးပြောက်ကျားတို့အကြား ကြာသပတေးနေ့က တိုက်ပွဲဖြစ်ပွားသဖြင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသည်။

ဖော်ပြ

အန်ဘာပြည်နယ်အတွင်းလုံခြုံရေးစစ်ဆင်ရေးဆင်နွှဲစဉ် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကြောင်းဖြင့် အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသော်လည်း အသေးစိတ်ကြေညာခြင်း မပြုပေ။

တိုက်ခိုက်

ဂျော်ဒန်၌မွေးဖွားသည့် တိုက်ခိုက်ရေးသမားအဘူမူဆာအယ်ဇာကာဝီပိုင်ဆိုင်သည့်အဆောက်အအုံကို အမေရိကန်တပ်ဖွဲ့ဝင်များက ညလုံးပေါက်တိုက်ခိုက်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် မြို့ဆင်ခြေဖုံးတွင် ပြောက်ကျားများနှင့် တိုက်ပွဲဖြစ်ပွားသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

တိုက်ခိုက်မှုကြောင့် အနည်းဆုံးလူခြောက်ဦးသေဆုံးပြီး ကလေးများနှင့် အမျိုးသမီးများအပါအဝင် ၁၅ ဦး ဒဏ်ရာရသွားကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောဆိုသည်။

အင်တာနက်။

အာဆီယံဒေသဆိုင်ရာ ဖိုရမ်တွင် ပါကစ္စတန်အဖွဲ့ဝင်ဖြစ်လာ

အစ္စလမ္မာဘတ် ဇူလိုင် ၃

အာဆီယံဒေသဆိုင်ရာဖိုရမ်(အေအာရ်အက်ဖ်) ဆွေးနွေးရေးအုပ်စုတွင် ပါကစ္စတန်နိုင်ငံ ပါဝင်လာခြင်းသည် အာရှဒေသ၌သာမက ကမ္ဘာ့အလယ်တွင်ပါ ယင်းနိုင်ငံ၏ ဂုဏ်သတင်းနှင့် အလေးမူခံရမှုတို့ကို ထင်ဟပ်လျက်ရှိကြောင်း ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က ပြောကြားသည်။

ဖော်ကျူး

အေအာရ်အက်ဖ်တွင် ပါကစ္စတန်နိုင်ငံ ပါဝင်လာမှုသည် အဓိကကျသော သံတမန်ရေးရာအောင်မြင်မှု တစ်ရပ်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ ဂုဏ်သတင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် စီးပွားရေးအရ တိုးတက်အောင်မြင်မှုတို့ကို ဖော်ကျူးနေကြောင်း မူရှာရက်ဖ်က ပါကစ္စတန်ပုဂ္ဂလိကရုပ်မြင်သံကြားဌာနတစ်ခုသို့ သောကြာနေ့ညတွင် ပြောကြားသည်။

ကျင်းပ

ပါကစ္စတန်နိုင်ငံသည် အေအာရ်အက်ဖ်တွင် သောကြာနေ့က တရားဝင် ပါဝင်ခွင့်ရရှိလာပြီး ယင်းအဖွဲ့အစည်း၏ ၂၄ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ အေအာရ်အက်ဖ်၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်တွင် ကျင်းပလျက်ရှိသည်။

ပါဝင်

အေအာရ်အက်ဖ်သည် အာရှ-ပစိဖိတ် လုံခြုံရေးဆိုင်ရာ ဖိုရမ်ဆွေးနွေးရေး အုပ်စုဖြစ်ပြီး အဖွဲ့ဝင် ၁၀ နိုင်ငံ ပါဝင်သော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် ဆက်သွယ်ထားသည့် အာရှ-ပစိဖိတ်နှင့်ဥရောပသမဂ္ဂတို့မှ အဖွဲ့ဝင် ၁၃ နိုင်ငံ ပေါင်းစည်းပါဝင်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

အီရတ်ပြန် ကန်တပ်ဖွဲ့ဝင်များ စိတ်ပိစီးမှု ဝေဒနာခံစားနေကြရ

ဝါရှင်တန် ဇူလိုင် ၃

အီရတ်မှ ပြန်လာသော အမေရိကန်တပ်ဖွဲ့ဝင်များအနက် ခြောက်ဦးလျှင် တစ်ဦးသည် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုဝေဒနာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ခံစားမှုအခက်အခဲ တစ်မျိုးမျိုးကို ခံစားနေကြရသည်ကို တွေ့ရှိရကြောင်း ဇူလိုင် ၁ ရက်က ထုတ်ဝေသော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အထက်ပါ အချက်အလက်များကို ယခု ကြာသပတေးနေ့ထုတ် နျူးအင်္ဂလန်ဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်များကို နယူးယောက်တိုင်းမ် သတင်းစာက ကိုးကား၍ ဖော်ပြလိုက်ခြင်းဖြစ်၏။ အာဖဂန်နစ္စတန်နိုင်ငံတွင် အမှုထမ်းခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များတွင် အဆင့်နိမ့်စိတ်ရောဂါဝေဒနာများ ခံစားကြရသည်ကို တွေ့ရကြောင်း ဖော်ပြထားသည်။

သုတေသီများသည် အာဖဂန်နိုင်ငံ သို့မဟုတ် အီရန်နိုင်ငံမှ ပြန်လာသော အမေရိကန်တပ်ဖွဲ့ဝင် ၆၀၀၀ ကျော်တို့ကို လေ့လာခဲ့သည်။ ထိုလေ့လာချက်အရ ၁၇ ရာခိုင်နှုန်းသော အီရတ်ပြန်တပ်ဖွဲ့ဝင်များတွင် အဓိက စိတ်ကျရောဂါ သို့မဟုတ် ပြင်းထန်သော စိတ်သောကဝေဒနာများကို ခံစားကြရသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။

အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင် အနက်တွင်မူ ၁၁ ရာခိုင်နှုန်းသော တပ်ဖွဲ့ဝင်များတွင်သာ အလားတူ ဝေဒနာမျိုး ခံစားကြရသည်ကို တွေ့ရှိကြရသည်ဟု ဆိုသည်။

ထိုဝေဒနာခံစားရသူများ၏ အချိုးအစားအနေအထားကို ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲကာလနှင့် နှိုင်းယှဉ်လျှင် အနည်းငယ် ပိုမိုများပြားနေသည်ကို တွေ့ရသည်။ ဗီယက်နမ်စစ်ပွဲ အခြေအနေနှင့် နှိုင်းယှဉ်လျှင်မူ နိမ့်ကျနေသည်ကို တွေ့ကြရကြောင်း သိရသည်။

အီရတ်စစ်ပြန်များသည် စစ်ပွဲနှင့် ထိတွေ့မှု ပိုမိုများပြားသည့်အလျောက် စိတ်သောကဝေဒနာ ဖိစီးမှုခံရသူ အချိုးအစားမှာလည်း အာဖဂန်စစ်သည်များ၏ အချိုးအစားထက် ပိုမိုများပြားနေသည်ကို တွေ့ကြရသည်။

အီရတ်မှပြန်လာသူ တပ်ဖွဲ့ဝင်ဦးရေ ၉၀ ရာခိုင်နှုန်းတို့သည် ပစ်ခတ်မှုနှင့် ရင်ဆိုင်ခဲ့ကြရပြီး အာဖဂန်ပြန်တပ်ဖွဲ့ဝင်ဦးရေတွင်မူ ၆၆ ရာခိုင်နှုန်းတို့သာလျှင် တိုက်ခိုက်မှုနှင့် ကြုံခဲ့ကြရသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စောင့်ကြပ်

ဇွန် ၂၉ ရက်က ဘဂ္ဂဒက်မြို့ အဝေးပြေးလမ်းမတွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တင့်ကား တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်မြို့လယ် ဟိုတယ်နှစ်ခု တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဇူလိုင် ၃

ပြည်ပနိုင်ငံသားများနှင့် အီရတ်နိုင်ငံသား တာဝန်ရှိပုဂ္ဂိုလ်များအသုံးပြုနေကျ ဘဂ္ဂဒက်မြို့လယ်ရှိ ဟိုတယ်နှစ်ခုအား ရော့ကက်ဒုံးကျည်များဖြင့် သောကြာနေ့နံနက်ကတိုက်ခိုက်ရာ ထိမှန်သွားပြီး လူသုံးဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိ (သို့မဟုတ်) သေဆုံးခဲ့ကြောင်း အစောင့်တစ်ဦးက ပြောကြားသည်။

ဘဂ္ဂဒက်ဟိုတယ် အပြင်ဘက်တွင် အစောင့်များက သတင်းစာဆရာများ မဝင်ရောက်စေရန် ကန့်သတ်ထားခဲ့ကြပြီး လူသုံးဦးထက်မနည်း သေဆုံးကြောင်း ပြောကြားခဲ့သည်။ ရှာရေတန်ဟိုတယ်မှာ ရော့ကက်ဒုံးကျည်ထိမှန်ခံရပြီး ၁၀ ထပ်တွင် မီးခိုးများထွက်ပေါ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

တွေ့ရှိ

ရော့ကက်ဒုံးကျည် ၁၇ လက်နှင့် ပစ်ခတ်ရေးဆိုင်ရာ လက်နက်များ တင်ဆောင်ထားသည့် အမိုးဖွင့်ကုန်တင်ကားငယ်တစ်စီး လမ်းမပေါ်တွင် တိမ်းမှောက်နေသည်ကို ရဲတပ်ဖွဲ့က တွေ့ရှိသည်။ ယင်းကားငယ်မှ ရော့ကက်ဒုံးကျည်ဖြင့် ပစ်ခတ်ဖွယ်ရှိကြောင်း၊ ပစ်ခတ်မှုအရှိန်ကြောင့် ကားကျွမ်းထိုးမှောက်ခံ ဖြစ်ဖွယ်ရှိကြောင်း ရဲများကပြောကြားကြသည်။

ယင်းသို့ ရော့ကက်ဒုံးကျည်ဖြင့် ပစ်ခတ် တိုက်ခိုက်မှုဖြစ်ပွားနေစဉ် ရှာရေတန်ဟိုတယ်နှင့် မျက်နှာချင်းဆိုင် ဘာသာရေးအဆောက်အအုံ အပြင်ဘက်တွင် ဘတ်စ်ကားတစ်စီး ပေါက်ကွဲမှုဖြစ်ပြီး မီးခိုးလုံးများ ကောင်းကင်ယံသို့ တက်သွားသည်။ ယင်းဗုံးသည် ထောင်ချောက်ဗုံးဖြစ်ကြောင်း၊ သို့ရာတွင် သေဆုံးသူမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းဘတ်စ်ကားသည် ဖာဒေါ့စ်ရင်ပြင်တွင် မီးတောက်မီးလျှံများဖြင့် မီးလောင်ကျွမ်းလျက်ရှိသည်။

စိုးရိမ်

အမေရိကန်နှင့် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ယခုရက်သတ္တပတ်တွင် နိုးကြားမှုအပြည့်ဖြင့် သတိဝီရိယနှင့် နေထိုင်ကြသည်။ အီရတ်ပြည်သူလူထုအား အချုပ်အခြာအာဏာ လွှဲပြောင်းခဲ့ပြီးသည့်နောက် ထူးခြားသည့် တိုက်ခိုက်မှုများဖြင့် ရင်ဆိုင်ကြုံတွေ့မည်ကို ၎င်းတို့က စိုးရိမ်လျက်ရှိနေကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်ကြားဖြတ်အစိုးရနှင့် လုပ်ငန်းဆောင်ရွက်နေသူ၏အိမ်

ခုခံတိုက်ခိုက်ရေးသမားများတိုက်ခိုက်

ဆမ်မာရာ (အီရတ်) ဇူလိုင် ၃

အီရတ်ကြားဖြတ်အစိုးရသစ်နှင့် လုပ်ငန်းဆောင်ရွက်နေသည့် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏အိမ်အား ခုခံတိုက်ခိုက်ရေးသမားများက တိုက်ခိုက်ရာ အီရတ်နိုင်ငံသားလေးဦး ကြာသပတေးနေ့က သေဆုံးသွားခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်ယူရန် ခွင့်ပြုသည့်အနေဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ ဆမ်မာရာမှ ရုပ်သိမ်းခဲ့ပြီးနောက် မျက်နှာဖုံးတပ်ထားသည့် စစ်သွေးကြွများသည် ရိုင်ဖယ်သေနတ်များနှင့် ရော့ကက်လောင်ချာများဖြင့် ဖော်ပြပါ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ အိမ်အား တိုက်ခိုက်ရာ ဆမ်မာရာမြို့မြောက်ပိုင်းဒေသတွင် သေနတ်သံများ သောသောညံသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သေဆုံး

၎င်းတာဝန်ရှိပုဂ္ဂိုလ်မှာ အက်နန်သာဘက်ဖြစ်ပြီး အီရတ် ပြည်ထဲရေးဝန်ကြီးဌာနတွင် အကြံပေးအဖြစ် လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးဖြစ်သည်။ ၎င်းက ၎င်း၏အိမ်အား အတိုက်ခိုက်ခံရ၍ ကိုယ်ရံတော်လေးဦး သေဆုံးခဲ့သည်ဟု ရိုက်တာသတင်းဌာနအား ပြောကြားသည်။ အီရတ် ခုခံတိုက်ခိုက်ရေးသမားများက ၎င်းအိမ်အား မီးတင်ရှို့ကြကြောင်း ဒေသခံများက ပြောကြားကြသည်။

တိုက်ခိုက်ခံရသူများ မည်မျှသေဆုံးသည် ဟူသော သတင်းနှင့် စပ်လျဉ်း၍ ရှင်းရှင်းလင်းလင်း သိရှိရခြင်း၊ မရှိရခြင်း မရှိသေးပေ။

တိုက်ခိုက်

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ ရောက်ရှိနေမှုအပေါ် ဆန့်ကျင်နေသည့် ပြောက်ကျားများက အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်နေသူများအား မကြာခဏ တိုက်ခိုက်လျက်ရှိသည်။ အီရတ်ကြားဖြတ်အစိုးရအဖွဲ့က အီရတ်ရှိ အမေရိကန်ဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့ထံမှ တနင်္လာနေ့တွင် အချုပ်အခြာအာဏာ ရယူခဲ့ပြီး အီရတ်နိုင်ငံအား ကသောင်းကနင်းဖြစ်စေရန် မီးထိုးပေးနေသည့် တိုက်ခိုက်ရေးသမားများအား ကိုင်တွယ်ရှင်းလင်းရန် ကတိကဝတ်ပြုထားသည်။ ***အမ်အင်၊အေရိုက်တာ။***

ကင်းလှည့်

ဇွန် ၂၉ ရက်က ဘဂ္ဂဒက်မြို့အနီးတွင် တင့်ကားတစ်စီးပေါ်မှ ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

မဟာဗျူဟာဆိုင်ရာ တည်ငြိမ်ရေးပြဿနာ တရုတ်နှင့် ရုရှားသံတမန်များ ဆွေးနွေး

ပေကျင်း ဇူလိုင် ၃

တရုတ်နှင့်ရုရှားသံတမန်များသည် မဟာဗျူဟာဆိုင်ရာ တည်ငြိမ်ရေးပြဿနာကို ပေကျင်းမြို့တော်တွင် ညှိနှိုင်းဆွေးနွေးကြပြီး နိုင်ငံတကာ အဏုမြူလက်နက်မပြန့်ပွားရေးနှင့်စပ်လျဉ်းသည့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရန် တိုက်တွန်းလိုက်သည်။

တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ယီဆူအီနှင့်ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ကီစလိုင်းယက်တို့က ကမ္ဘာတစ်ဝန်းရှိ လတ်တလော လုံခြုံရေးအခြေအနေများ၊ ဒေသဆိုင်ရာ ပြဿနာများ၊ တဖက်သတ် လက်နက်ထိန်းချုပ်ရေးနှင့် အဏုမြူလက်နက်မပြန့်ပွားရေးကိစ္စများကို နက်နက်နဲနဲ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဆွေးနွေး

နှစ်နိုင်ငံအချင်းချင်း အပြန်အလှန်ယုံကြည်မှုတိုးမြှင့်နိုင်ရေးအတွက် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသည်အဓိကအဖြစ် အရေးပါမှု၊ နိုင်ငံတကာ ပြဿနာများအား ငြိမ်းချမ်းသည့်နည်းလမ်းဖြင့် ဖြေရှင်းရေး၊ ကမ္ဘာတစ်ဝန်းရှိ မဟာဗျူဟာဆိုင်ရာ တည်ငြိမ်ရေးနှင့် နိုင်ငံတကာ လက်နက်ထိန်းချုပ်မှု ဆက်လက်ထိန်းသိမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးစနစ် ဆက်လက်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာဥပဒေများနှင့် ညီညွတ်စွာ အဏုမြူလက်နက် မပြန့်ပွားရေးကိစ္စတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာရေးစသည့် ပြဿနာများကို အဆိုပါ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့က ဆွေးနွေးကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးကို အီရတ်ခုခံရေးအုပ်စုတစ်စု သတ်ပစ်

ကိုင်ရို ဇူလိုင် ၄

ဖမ်းဆီးထိန်းသိမ်းထားသည့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် တစ်ဦးအား သတ်ပစ်လိုက်ပြီဖြစ်ကြောင်း အီရတ်ခုခံတိုက်ခိုက်ရေး အုပ်စုတစ်စုက ဝက်ဘ်ဆိုက်မှနေ၍ စနေနေ့က ကြေညာလိုက်သည်။

ဇူလိုင် ၂ ရက်က ဘဂ္ဂဒက်မြို့တွင် တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ရော့ကက်ဒုံးကျည်တင်စစ်ယာဉ် တစ်စီး ပျက်စီးနေသည်ကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး စစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်နိုင်ငံဖွား မရိန်းတပ်ဖွဲ့ဝင် ဝက်ဆက်ဖ်အလီဟာဆွန်အားသတ်ပစ်လိုက်ပြီဖြစ်ကြောင်း အန်ဆာအယ်-ဆန်နာတပ်မတော်ဟုခေါ်သည့် အုပ်စုက ကြေညာချက်တစ်ရပ်ကို အစ္စလမ္မစ်ဝက်ဘ်ဆိုက်တစ်ခုပေါ်သို့ တင်ထားလိုက်သည်။

ဖော်ပြထား

ဟာဆွန်အားသတ်ပစ်လိုက်ကြောင်း အသိပေးအကြောင်းကြားလိုကြောင်း၊ သတ်ပစ်ပုံကို မကြာမီမြင်တွေ့ရမည်ဖြစ်ကြောင်းအဆိုပါအုပ်စုခေါင်းဆောင် အယ်-ဟက်ဆစ်ဘင်မာမွတ်အမည်ဖြင့် လက်မှတ်ရေးထိုးထားသည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဟာဆွန် သေဆုံးမှုသတင်းကို စစ်ဆေးနေကြောင်း ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသော်လည်း လောလောဆယ်၌ ဝေဖန်ပြောကြားခြင်း သို့မဟုတ် အတည်ပြုခြင်း မရှိသေးပေ။

ဇွန် ၂၇ ရက်က မျက်စိအဝတ်စည်းထားသည့် ဟာဆွန်၏ပုံနှင့် အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့၏ ပုံပါရှိသည့် ဗီဒီယိုတိပ်ခွေကို အယ်ဂျာဇီးယားရုပ်/သံက ထုတ်လွှင့်ပြသခဲ့ပြီး အကျဉ်းထောင်များတွင် ရှိနေသည့် အီရတ်အားလုံးကို အမေရိကန်ကလွှတ်မပေးလျှင် ဟာဆွန်အား သတ်ပစ်မည်ဟု အီရတ်တိုက်ခိုက်ရေးသမားများက ခြိမ်းခြောက်ခဲ့သည်။

အဆိုပါ ဗီဒီယိုတိပ်ခွေကို မထုတ်လွှင့်မီရက်သတ္တတစ်ပတ်ခန့်ကဟာဆွန်အား နောက်ဆုံးအကြိမ်မြင်တွေ့ခဲ့ရကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ဟာဆွန်သည် အမေရိကန်ပြည်ထောင်စု ဝက်စ်ဂျော်ဒန်မြို့မှ ဖြစ်သည်။

ဖေဖော်ဝါရီ ၁ရက်က အီရတ်နိုင်ငံ ဘီးလ်မြို့ရှိ ကာ့ဒ်နိုင်ငံရေးပါတီရုံးနှစ်ခုအား အသေခံဗုံးဖောက်ခွဲမှုများ ပြုလုပ်ခဲ့မှုမှာလည်း မိမိတို့၏လက်ချက်ဖြစ်ကြောင်း အန်ဆာအယ်-အန်နာတပ်မတော်က ယခင်ကတည်းက ကြေညာခဲ့သည်။ အဆိုပါတိုက်ခိုက်မှုများတွင် လူ ၁၀၉ဦး သေဆုံးခဲ့သည်။

တစ်ချိန်တည်းမှာပင် အဆိုပါအုပ်စုသည် အီရတ်နိုင်ငံမြောက်ပိုင်း၌ အခြေစိုက်သည့် ခုခံတိုက်ခိုက်ရေးအုပ်စု အန်ဆာအယ်အစ္စလာမ်၏ အုပ်စုခွဲတစ်ခု ဖြစ်နိုင်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***

ပြင်းထန်သည့် ပေါက်ကွဲသံကြီး ဘဂ္ဂဒက်မြို့လယ်တွင် မြည်ဟည်း

ဘဂ္ဂဒက် ဇူလိုင် ၃

ပြင်းထန်သည့် ပေါက်ကွဲသံကြီး ဘဂ္ဂဒက်မြို့လယ်တွင် သောကြာနေ့နံနက်စောစောပိုင်းက မြည်ဟည်းသွားခဲ့ပြီး တိုက်ကရစ်မြစ် အရှေ့ဘက်ကမ်းနဖူးပေါ်တစ်ဝိုက်ရှိ ကောင်းကင်တွင် မီးခိုးမဲကြီးများ တလိမ့်လိမ့်တက်သွားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ရှင်းရှင်းလင်းလင်း မသိရ

ရဲကားများနှင့် လူနာတင်ကားများ အခင်းဖြစ်ပွားရာသို့ သွားရောက်ကြစဉ် ဥသြဆွဲသံများ ကျွက်ကျွက်ဆူသွားကြောင်း ရိုက်တာသတင်းဌာနမှ မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။ ပေါက်ကွဲမှုဇာစ်မြစ်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။

အမေရိကန်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာလအတွင်းက ဖမ်းဆီးမိခဲ့သည့် ဆက်ဒမ်ဟူစိန်အား အီရတ်တရားရုံးတွင် စစ်ဆေးခံရန် လာရောက်ခဲ့ပြီးနောက် ယင်းပေါက်ကွဲမှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

လုံးပန်းလျက်ရှိ

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့သည် အီရတ်ကြားဖြတ်အစိုးရအဖွဲ့အား တနင်္လာနေ့က အာဏာလွှဲပြောင်းပေးခဲ့သည်။ ဆက်ဒမ်သစ္စာခံများနှင့် အခြား ပြည်ပတွန်းလှန်တိုက်ခိုက်ရေးသမားများ၏ တွန်းလှန်မှုကို နှိမ်နင်းရန်အတွက် အမေရိကန်အုပ်ချုပ်ရေးအဖွဲ့က လုံးပန်းလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်လူငယ်တစ်ဦးအား မဆင်မခြင် ပစ်ခတ်ခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင် တရားရုံး၌ အမှုရင်ဆိုင်ရမည်

လန်ဒန် ဇူလိုင် ၃

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသည် အသက် ၁၃ နှစ်ရှိ အီရတ်လူငယ်တစ်ဦးအား ပစ်ခတ်မှုဖြင့် တရားရုံးတွင် အမှုရင်ဆိုင်ရမည်ဖြစ်ကြောင်း ဗြိတိသျှအထက်တန်းဥပဒေအရာရှိတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

အလက်ဇန်းဒါးဂျွန်စတန် အမည်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်သည် အီရတ်ကလေးငယ်တစ်ဦးအား လွန်ခဲ့သည့်စက်တင်ဘာလအတွင်းက ပစ်ခတ်ခဲ့ရာ သေဆုံးမှု မရှိသော်လည်း ဥပဒေမဲ့ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုဖြင့် စွဲချက်တင်ခံထားရကြောင်း ရှေ့နေချုပ် လော့ဒ်ရိုးစမစ်က ပြောကြားသည်။

အဆိုပါ တပ်ဖွဲ့ဝင်သည် လက်နက်မဆင်မခြင်ကိုင်တွယ်မှုဖြင့် နောက်ထပ်စွပ်စွဲခံထားရကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

စစ်ဆေးခံရမည်

အမှတ်(၁) တပ်ရင်းကြီးမှ တပ်ဖွဲ့ဝင်ဂျွန်စတန်သည် ဗြိတိသျှစစ်ခုံရုံးသို့ လာရောက်စစ်ဆေးခံရမည် ဖြစ်သည်။ သို့ရာတွင် မည်သည့်စစ်ခုံရုံးတွင် စစ်ဆေးရမည်ကို ဆုံးဖြတ်ခြင်းမပြုရသေးပေ။ စစ်ခုံရုံးတွင် စစ်ဆေးမှုကို ဗြိတိန်နိုင်ငံ၊ အီရတ် သို့မဟုတ် အခြားသော စစ်ဘက်ဆိုင်ရာ အခြေခံစခန်းတစ်ခုခုတွင် ပြုလုပ်မည်ဖြစ်ကြောင်း ကာကွယ်ရေးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စစ်ဆေးမည့် ရက်စွဲကိုလည်း သတ်မှတ်ထားခြင်း မရှိသေးပေ။ ဗြိတိန်နိုင်ငံက အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုနှင့် စပ်လျဉ်း၍ ဗြိတိသျှတပ်ဖွဲ့ဝင်လေးဦးကို စစ်ဆေးမည်ဖြစ်ကြောင်း ယခုလ စောစောပိုင်းတွင် ရိုးစမစ်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုကလည်း အီရတ်အကျဉ်းသားများ နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ ကိစ္စများကို စစ်ခုံရုံးတွင်စစ်ဆေးမှု စတင်ပြုလုပ်နေပြီဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဇွန် ၂၉ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယား ကမ္ဘာလှည့်တစ်ဦး ကမ္ဘောဒီးယားတွင် ဆင်နင်းခံရ

ဖနွမ်းပင် ဇူလိုင် ၃

ကမ္ဘောဒီးယားနိုင်ငံ၏ ဝေးလံသီခေါင်သော ကျေးလက်ဒေသတွင် ထိတ်လန့်နေသည့် ဆင်တစ်ကောင်က တိုက်ခိုက်သဖြင့် တောင်ကိုရီးယား ကမ္ဘာလှည့်ခရီးသည်တစ်ဦး အပြင်းအထန် ဒဏ်ရာရရှိသွားကြောင်း ကမ္ဘောဒီးယားသတင်းစာတစ်စောင်က သောကြာနေ့တွင် ဖော်ပြသည်။

ဆင်တိုက်ခိုက်မှု ဖြစ်ပွားသော နေရာသည် ကမ္ဘောဒီးယားနိုင်ငံ၏ အရှေ့မြောက်ဒေသရှိ ရတနာဂီရီပြည်နယ်တွင်ဖြစ်သည်။ အခင်းဖြစ်ပွားသောနေ့မှာ အင်္ဂါနေ့ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်က ဆင်ပေါ်သို့ တက်မစီးမီ ဆင်ကို ဓာတ်ပုံရိုက်ယူရာမှ တိုက်ခိုက်မှု ခံလိုက်ရခြင်းဖြစ်သည်ဟု ကမ္ဘောဒီးယားနေ့စဉ် သတင်းစာသို့ ဒေသဆိုင်ရာ အာဏာပိုင်များက ပြောပြကြသည်။

အသက် ၂၉ နှစ်အရွယ်ရှိ တောင်ကိုရီးယားလူမျိုး ချောင်ဟူစွတ်သည် နံရိုးများ ကျိုးသွားသည့်အပြင် အခြားဒဏ်ရာများလည်း အပြင်းအထန်ရရှိသွားသည်။ ၎င်းမှာ မြို့တော်ဖနွမ်းပင်ရှိ ကယ်လ်မတ်တီဆေးရုံတွင် ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။ ချောင်နှင့် သူငယ်ချင်းသုံးယောက်တို့သည် အပျော်စီးရန် ဆင်တစ်ကောင်ကို ငှားရမ်းခဲ့ကြသည်။ ချောင်က ဆင်အနီးသို့ကပ်ပြီး ဓာတ်ပုံရိုက်သောအခါ ဆင်က ၎င်းကို ကန်ကျောက်ခြင်း၊ နင်းခြေခြင်းများ ပြုတော့သည်ဟုဆိုသည်။

ကင်မရာတွင် ပါဝင်သော လျှပ်တပြက်မီးခွက်၏ ဝင်းခနဲဖြစ်သွားသော အလင်းရောင်ကြောင့် ဆင်က ကြောက်လန့်ပြီး တိုက်ခိုက်ဟန်ရှိကြောင်း ဒေသခံအရာရှိများက ပြောကြားကြသည်။ ထိုဆင်မှာ လူစီးရန် အငှားလိုက်နေကျ ဆင်မဟုတ်ဘဲ စားစရာနှင့် ဝန်စည်စလှယ်များသာ သယ်ပို့ပေးလေ့ရှိသော ဆင်တစ်ကောင်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှားတပ်ဖွဲ့ဝင်များ ဆေးလိပ်မသောက်ကြရန် တိုက်တွန်းနှိုးဆော်

ကွာလာလမ်ပူ ဇူလိုင် ၃

မလေးရှားနိုင်ငံ၏ စစ်ဘက်အကြီးအကဲ ဗိုလ်ချုပ်ကြီး မိုဒ်ဇာဟီဒီဇာ အီနူဒင်က မလေးရှားစစ်တပ်မှ တပ်ဖွဲ့ဝင်များကို ဆေးလိပ်မသောက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်သည်။

ဗိုလ်ချုပ်ကြီးသည် မာလက်ကာမြို့တွင် တည်ရှိသော တာရင်ဒက်တပ်စခန်းစစ်ဆေးရုံသို့ ယမန်နေ့က သွားရောက်ခဲ့သည်။ ထိုဆေးရုံ၌ ဗိုလ်ချုပ်ကြီးက ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေရုံသာမက အလုပ်အကိုင်၏ အရည်အသွေးကိုပါ ကျဆင်းစေနိုင်သည်ဟု သတင်းထောက်များကို ပြောကြားခဲ့သည်။ တပ်ဖွဲ့ဝင်များသည် နိုင်ငံ၏ ကာကွယ်ရေးကို တပ်ဦးမှနေကာ ကာကွယ်ကြရမည့်သူများဖြစ်၍ တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးသည် အချိန်မရွေး ဒေါင်ဒေါင်မြည် ကောင်းမွန်နေရန် လိုအပ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

မဂ္ဂင်ကျောင်းတိုက် (၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒိယအမှူးထား၍ ပင့်သံဃာတော်အပါး ၅၀ တို့အား ဇူလိုင် ၃၁ ရက်တွင် ဝါဆိုသင်္ကန်းဆက်ကပ်မည်ဖြစ်ရာ သင်္ကန်း၊ ထီးစသည့် လေးပါးသော ဝတ္ထုပစ္စည်းများ ဆက်ကပ်လိုပါက ကျောင်းတိုက်အကျိုးဆောင်များဖြစ်ကြသည့် ဦးခင်မောင်စိုး၊ ဦးမောင်စိန်၊ ဦးကျားလေး၊ ဦးမင်းစိုးမင်းသူတို့ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ခြိုးခြံချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

လာရာနှင့် လားရာ

(က)

အနေအထားတစ်ခု၌ ရပ်တည်နေသူအတွက် လာရာနှင့်လားရာသည် ရှိနေ၏။ လာရာကိုသုံးသပ်၍ လားရာကို ဆုံးဖြတ်နိုင်မှသာ ၎င်းအတွက် နောက်ထပ်အနေအထားကောင်းတစ်ခုက အသင့်ကြိုဆိုနေမည်။ လာရာကို မသုံးသပ်နိုင်သလို လားရာကိုလည်း မဆုံးဖြတ်နိုင်သူအတွက်မူ လက်ရှိထက် နိမ့်ပါးသော အနေအထားသို့သာ ရောက်ရှိသွားပေလိမ့်မည်။

(ခ)

(၁) အမှောင်မှလာ၍ အမှောင်သို့လားသူ၊
(၂) အမှောင်မှလာ၍ အလင်းသို့လားသူ၊
(၃) အလင်းမှလာ၍ အမှောင်သို့လားသူ၊
(၄) အလင်းမှလာ၍ အလင်းသို့လားသူ။

ပုဂ္ဂလပညတ္တိပါဠိတော်၊ ၁၅၉

လာရာသည် အမှောင်နှင့်အလင်း နှစ်မျိုးသာ ဖြစ်သလို လားရာသည်လည်း အမှောင်နှင့်အလင်း နှစ်မျိုးသာဖြစ်၏။ လာရာကို သုံးသပ်နိုင်မှ လားရာကို ဆုံးဖြတ်နိုင်မည်ဖြစ်၏။ လာရာ၏ အလင်းနှင့် အမှောင်ကို အမြင်ရှိရှိပိုင်းခြားကာ လားရာ၏ အလင်းနှင့် အမှောင်ကို ပိုင်ပိုင်မိမိဆုံးဖြတ်ရင်း ဦးတည်ချက်ရှိရှိ ဆက်လှမ်းရပေမည်။

(ဂ)

ယနေ့မြန်မာနိုင်ငံတော်သည် အဘယ်မှ လာခဲ့သနည်း။

ရတနာစည်ဆရာတော် (လှိုင်လင်)

မြန်မာအစ မြန်မာကဟု တိကျစွာဆိုနိုင်သည့် အခြေအနေမှ တတိယ မြန်မာနိုင်ငံတော်ကြီးအထိ အလင်းတန်းများကို များများဖြတ်သန်း လာခဲ့၏။ တတိယမြန်မာနိုင်ငံ နေဝင်ချိန် ကျွန်ခေတ် နှစ်တစ်ရာမှာမူ အမှောင်ထုကိုသာကျော်ဖြတ်လာခဲ့ရ၏။ လွတ်လပ်ရေးခေတ်ဟူသော အလင်းမှစ၍ကား လင်းတစ်ခါ၊ မှောင်တစ်လှည့်လာခဲ့ရ၏။ ဤသည်မှာ လာရာလမ်း၏ ပုံကြမ်းဖြစ်၏။

ယင်းပုံကြမ်း၌ နှင့်သီးစွာ ထွင်းထုခံခဲ့ရသည့် ပုံသဏ္ဌာန်တစ်ခုမှာ နယ်ချဲ့ခေတ် နှစ်တစ်ရာအတွင်း နိုင်ငံသားအချင်းချင်း သွေးခွဲအုပ်ချုပ်ခံရခြင်းဖြစ်၏။ ယင်း၏ဂယက်သည် လွတ်လပ်ရေးရလျှင်ရချင်း ပြင်းပြင်းထန်ထန် ရိုက်ခတ်လေသောကြောင့် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ဆန့်ကျင်ရေး ဖွားမြင်လာရကား နှစ်ပေါင်း ၄၀တိုင်တိုင် တိုင်းရင်းသားအချင်းချင်းတို့၏ သွေးသည် စိမ်းပုပ်ရောင်လွှမ်းခဲ့လေ၏။

ထိုမှ ၁၉၈၈ ခုနှစ်သည်မှာဘက် ကာလများဝယ် နိုင်ငံတော်ကို တပ်မတော်ကဦးဆောင်ကာ အလင်းသို့သာ ဦးတည်လျက် ခြေသွက်သွက် လှမ်းစေနိုင်ခဲ့၏။ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ် လိုအပ်ချက်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုလည်းကောင်း အောင်မြင်စွာ ဖြည့်ဆည်းနိုင်ခဲ့ပြီး ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေးအထိ ခြေလှမ်းသွက်သွက် လှမ်းတက်နိုင်လာလေပြီ။ ထို့အတူ အခြားသော စီးပွားရေးမျက်နှာစာ၊ လူမှုရေးမျက်နှာစာများကိုလည်း ကျယ်ပြန့်စွာတည်ဆောက်ထားနိုင်နေလေပြီ။

မြန်မာနိုင်ငံအနေအထား၌ ဇာတိသွေး ဇာတိမာန်များ၊ အမျိုးဂုဏ် ဇာတိဂုဏ်များ၊ မျိုးချစ်စိတ် နိုင်ငံချစ်စိတ်များ ဝန်းကျင်ကို အလှဆင်သည့် လူမှုကျင့်ဝတ်ကျင့်ထုံးများ၊ ဘဝကို လှပလင်းလက်စေသည့် မဂ်လာတရားဖြုံမစိုရ်၍ တရားများဟူသော အမျိုးသားရေးလက္ခဏာတို့ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ရင်း ပိုမိုမြင့်မား နိုးကြားတက်ကြွစေသည့်ယနေ့ခြေလှမ်းများကြောင့် မြန်မာနိုင်ငံ၏ လားရာသည် အလင်းသာဖြစ်လျက်ရှိနေလေ၏။

(ဃ)

အလင်းစကား အလင်းတရား

“ယခုဆိုလျှင် အမျိုးသားညီလာခံကြီး စတင်ကျင်းပနေပြီဖြစ်သည့်အတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်ကို စတင်အကောင်အထည်ဖော်ခြင်းဖြစ်တာကြောင့် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသော အနာဂတ်ကို မျှော်မှန်းလျက် ခိုင်မာသည့် အစိုးရတစ်ရပ်ပေါ်ထွန်းလာအောင် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ စနစ်တကျ တင်ပေးလိုက်ခြင်းဖြစ်ကြောင်း။

“ထို့အပြင် ကျင်းပဆဲအမျိုးသားညီလာခံကြီးက စတင်ပုံဖော်ပေးလိုက်မည့် နိုင်ငံတော်၏ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပါရမည့်အခြေခံမူများနှင့် အသေးစိတ်မူများကို တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံ၊ ပါတီအဖွဲ့အစည်းပေါင်းစုံတို့က အပြုသဘောဆောင်သော ဆွေးနွေးညှိနှိုင်းမှုများဖြင့် တူညီဆန္ဒများ ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်းကြလိမ့်မည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း”

(နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲ)

(၂၀-၅-၂၀၀၄)

“ယခုအချိန်အခါတွင် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် တည်ငြိမ်ခိုင်ခံ့သည့် အခြေခံကောင်းများ တည်ဆောက်အကောင်အထည်ဖော် နိုင်စေရန် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာတွင် တိုင်းရင်းသားလူမျိုးများအားလုံး စုံစုံညီညီ တက်ရောက်နေသည်ကို တွေ့ရှိရကြောင်း။

“ဤကဲ့သို့ တိုင်းရင်းသားလူမျိုးများအားလုံး စုံစုံညီညီ တက်ရောက်လျက် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ အနာဂတ်ရေးကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆွေးနွေးညှိနှိုင်းနေကြခြင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစွာဖြစ်ထွန်းနေမှုကို ဖော်ညွှန်းပြဆိုနေခြင်းဖြစ်သည်နှင့်အညီ အမျိုးသားညီလာခံကြီး မျှော်မှန်းချက်အတိုင်း အောင်မြင်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း”

(နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးညှိနှိုင်းအစည်းအဝေး)

(၃/၂၀၀၄) ၂၂-၅-၂၀၀၄

(င)

အလင်းကာရန်

အမှောင်အလင်း၊ ရောင်နှစ်သင်း၊ ထိုးထွင်းမြင်ပါလေ။
အမှောင်မှလာ၊ လင်းမှလာ၊ အလာနှစ်မျိုးပေ။
အမှောင်သို့လား၊ လင်းသို့လား၊ အလားမျိုးနှစ်ထွေ။
အလင်းလာရေး၊ ခြေလှမ်းပေး၊ အရေးကြီးလှပေ။
နိုင်ငံနှင့်ချီ၊ အလင်းဆီ၊ ဦးတည်မလွဲမသွေ။
ခြေလှမ်းသွက်သွက်၊ ခြေချင်းယှက်၊ ဆက်ဆက်လှမ်းတော့လေ။ ။

အထွေထွေဘဏ်လုပ်ငန်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၄

ဘဏ်များကြီးကြပ်ရေး ကော်မတီ၏ အထွေထွေဘဏ်လုပ်ငန်း သင်တန်း (အရာရှိအဆင့်)သင်တန်း အမှတ်စဉ် (၃)ဆင်းပွဲကို ဇူလိုင် ၂ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံဘဏ်များအသင်း နာယက ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ်များ ကြီးကြပ်ရေး ကော်မတီဝင်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်များ၊ ဖိတ်ကြားထားသသော ဧည့်သည်တော်များ၊ သင်တန်းဆရာ၊ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက အမှာစကား ပြောကြားသည်။ ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဒိုင်းဆုများ ချီးမြှင့်သည်။

ထို့နောက် ဘဏ်များ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဦးကျော်ကျော်မောင်က သင်တန်းတွင် ပို့ချပေးသော ဆရာ၊ ဆရာမများ၊ Seminar ဟောပြောပေးသော ဝါရင့်ပုဂ္ဂိုလ်များ၊ သင်တန်းဖြစ်မြောက်ရေးကို ကူညီပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်သည်။ ထို့နောက် သင်တန်းသားသင်တန်းသူများကိုယ်စား သင်တန်းသား ဦးစိုးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာထမ်း ၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ဖြစ်သည်။

(သတင်းစဉ်)

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့်အဖွဲ့၊ ကော့ကရိတ်မြို့နယ် အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျန်ထွေး လိုက်ပါလျက် ကော့ကရိတ်မြို့ ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းပြီးစီးမှုကို ဇွန် ၁၆ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

(က-ပ)

ကြီးကြပ်ဆောင်ရွက်

ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် မြို့ပြဖွံ့ဖြိုးရေး လုပ်ငန်းများအနက်မှ အမှတ်(၄) ရပ်ကွက် ရုံးလမ်းရှိ အရှည်ပေ ၃၀ အကျယ် ၁၄ ပေ ကွန်ကရစ်တံတား တည်ဆောက်ခြင်းကို ဇွန် ၂ ရက်က အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၇-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၅** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** ပထမနှစ်အင်္ဂလိပ်စာအထူးပြု First Year Guide
- **၅:၃၀** ၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၅၀** ၁၇။ မေးမြန်းစုံစမ်း
- **၇:၀၀** ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရတနာရွှေအိုး (အပိုင်း-၁၂)**
- **၈:၀၀** ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၄။ **အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ ဘာသာဋီကာကျမ်းပြုအကျော်ဆရာတော်**
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး ဒုတိယတွဲ (အပိုင်း-၃၃)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာတွင် အထူးအထွက်ကောင်း ရွှေရင်အေးစပါးမျိုး နွေစပါး ရိတ်သိမ်းပွဲ၌ ဒေသခံတိုင်းရင်းသားပြည်သူများ ကြည့်ရှုအားပေးစဉ်။ *(ဓာတ်ပုံ-သတင်းစဉ်)*

ချင်းပြည်နယ် မင်းတပ်မြို့တွင် လမ်းများ မပျက်စီးစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လမ်းဘေး ရေစီးရေလာကောင်းမွန်ရန် ဆောင်ရွက်နေစဉ်။ *(ဓာတ်ပုံ-နယ်စပ်/စည်ပင်)*

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် ရဲကွင်းကျေးရွာအုပ်စု တလုတ်ကုန်းကျေးရွာမှ ဆောက်လုပ်ပြီးစီးသော ကျေးလက်အိမ်ရာ တစ်လုံးကို တွေ့ရစဉ်။ (မြို့နယ်စည်ပင်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းကို ဤသို့ ဖောက်လုပ်လျက်ရှိသည်။ *(ဓာတ်ပုံ-ကြေးမုံ)*



ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ္တရာမြို့ တံငါတောင် အခြေခံပညာမူလတန်းလွန်ကျောင်း ရတနာဝင်းကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

✧ ကျောဖုံးမှ

အစီအစဉ်အရမန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းဆောင်သစ်အလှူရှင် ဦးခင်မောင်စိုးတို့က ရတနာဝင်းကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရတနာဝင်းကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ကျောင်းဆောင်သစ်ခန်းမ၌ မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက်ဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသ၊ မန္တလေး မစိုးရိမ်တိုက်သစ် နာယကချုပ် ဆရာတော် ဘဒ္ဒန္တ ရာဇာဓမ္မာဘိဝံသနှင့် သံဃာတော်များအား မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြည်ညိုကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းအတွက် ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ကြီးအားပေးအပ်သည်။

အဆိုပါရတနာဝင်းကျောင်းဆောင်သစ်မှာ နံကပ်အမျိုးအစားအလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ နှစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မတ္တရာမြို့ စလွန်ဖြူအခြေခံအထက်တန်းကျောင်း(ခွဲ) သို့ သွားရောက်ကြပြီး ပန်းအိစံ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

စလွန်ဖြူအခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ပန်းအိစံ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ အစီအစဉ်အရ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းဆောင်သစ်အလှူရှင် ဦးခင်မောင်ဆွေတို့က ပန်းအိစံကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ပန်းအိစံကျောင်းဆောင်သစ်မှာ နံကပ်အမျိုးအစား အလျားပေ ၁၄၀၊ အနံပေ ၃၀ရှိ နှစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်းသိရသည်။

စံပယ်ဖြူကျောင်းဆောင်သစ်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မတ္တရာမြို့ သရက်တန်း အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ သွားရောက်ကြပြီး စံပယ်ဖြူကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ကြသည်။

သရက်တန်း အခြေခံပညာမူလတန်းလွန်ကျောင်း၏ စံပယ်ဖြူကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာအစီအစဉ်အရ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းဆောင်သစ်အလှူရှင် ဦးရဲထွန်းတို့က ဖဲကြိုးဖြတ်၍ စံပယ်ဖြူကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဗိုလ်ချုပ်ကြီးခင်ညွန့် မတ္တရာမြို့ စ တန်းကျောင်း(ခွဲ)ရှိ ပန်းအိစံ ကျောင်း ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းဆောင်သစ်အလှူရှင်ဦးခင်မောင်စိုးတို့က မတ္တရာမြို့ တံငါတောင် အခြေခံပညာ မူလတန်းလွန်ကျောင်း ရတနာဝင်းကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့်ကျောင်းဆောင်သစ်အလှူရှင် ဦးခင်မောင်ဆွေတို့က မတ္တရာမြို့ စလွန်ဖြူ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ပန်းအိစံကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်နှင့် ကျောင်းဆောင်သစ်အလှူရှင် ဦးရဲထွန်းတို့က မတ္တရာမြို့သရက်တန်း အခြေခံပညာ မူလတန်းလွန်ကျောင်းစံပယ်ဖြူ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဦးသန်းအောင်နှင့် ကျောင်းဆောင်သစ် အလှူရှင် ဦးခင်မောင်ဆွေတို့က ပန်းအိစံကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းဆောင်သစ် ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ပန်းအိစံကျောင်းဆောင်သစ်မှာ နံကပ်အမျိုးအစား အလျားပေ ၁၄၀၊ အနံပေ ၃၀ရှိ နှစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ္တရာမြို့ တံငါတောင် အခြေခံပညာမူလတန်းလွန်ကျောင်း ရတနာဝင်းကျောင်းဆောင်သစ်ခန်းမ၌ မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စံပယ်ဖြူကျောင်းဆောင်သစ်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မတ္တရာမြို့ သရက်တန်း အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ သွားရောက်ကြပြီး စံပယ်ဖြူကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ကြသည်။

သရက်တန်း အခြေခံပညာမူလတန်းလွန်ကျောင်း၏ စံပယ်ဖြူကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာအစီအစဉ်အရ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် ကျောင်းဆောင်သစ် အလှူရှင် ဦးရဲထွန်းတို့က ဖဲကြိုးဖြတ်၍ စံပယ်ဖြူကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းဆောင်သစ် ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်ကျောင်းခန်းမ၌ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းအတွက်ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

အဆိုပါစံပယ်ဖြူကျောင်းဆောင်သစ်မှာနံကပ်အမျိုးအစားဖြစ်ပြီးစာသင်ခန်း၁၀ခန်းပါဝင်သောနှစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ္တရာမြို့ စလွန်ဖြူ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ပန်းအိစံ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းဆောင်သစ် ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်နှင့် ကျောင်းဆောင်သစ်အလှူရှင် ဦးရဲထွန်းတို့က မတ္တရာမြို့သရက်တန်း အခြေခံပညာ မူလတန်းလွန်ကျောင်းစံပယ်ဖြူ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ္တရာမြို့ သရက်တန်း အခြေခံပညာမူလတန်းလွန်ကျောင်း စံပယ်ဖြူ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းအတွက်ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ကြည့်ရှုစစ်ဆေး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ္တရာမြို့၂၅-ခုတင်ဆံ့ပြည်သူ့ဆေးရုံတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မတ္တရာဆေးရုံ

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မတ္တရာမြို့ ၂၅-ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဆရာဝန်များနှင့်ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက်အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သားဖွားလူနာဆောင်သစ်၊ ခွဲစိတ်ခန်း၊ အမျိုးသားလူနာဆောင်နှင့် အမျိုးသမီးလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

ရန်ကုန်မိုးရေချိန်

(၄-၇-၂၀၀၄)

ကမ္ဘာအေး - ၀ ဒသမ ၀၄ လက်မ

မှတ်သားဖွယ်ရာ မိုးရေချိန်

(၄-၇-၂၀၀၄)

သံတွဲ - ၁ ဒသမ ၁၀ လက်မ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၇-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၈။ နဂါးရေလှောင်တမံ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in Reading.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
၅း၁၅ ၆။ အကပဒေသာ
၅း၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
၅း၄၀ ၈။ စစ်ကိုင်းတိုင်းပုထိုးလုံးတံတား
၅း၅၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၆း၀၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခြင်း)
၆း၁၀ ၁၁။ Discovery.
၅း၂၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မျောက်မင်းဂူခုနှ်း" (အပိုင်း-၃)**
၆း၃၀ ၁၃။ ညနေခင်းသတင်း
၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၅။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၇း၁၅ ၁၆။ တေးဂီတအစီအစဉ်
၇း၃၀ ၁၇။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၇း၄၅ ၁၈။ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်ပင်များအသုံးချရေး သုတေသနအကြောင်း သိကောင်းစရာ
၈း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တစ်ရံရောအခါ" (အပိုင်း-၁)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်အောင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်

❒ ရှေ့ဖုံးမှ

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို မွန်းတည့် ၁၂နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ကောလိပ် ဆရာ၊ဆရာမများ တက်ရောက်ကြသည်။

အမျိုးသားရေးအကျိုးစီးပွား

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် သိမ်မွေ့နက်ရှိုင်းစွာ အရှိန်အဟုန်ဖြင့် ချိတ်ဆက်ပြောင်းလဲနေသည့် ယနေ့ကမ္ဘာကြီးတွင် ပညာရည်မြင့်မားသော လူမျိုး၊ အသိအမြင်ကြွယ်ဝပြီး အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာသော လူမျိုးသာလျှင် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ဤစိတ်ဓာတ်နှင့်စွမ်းအားများ မိမိနိုင်ငံသူ၊ နိုင်ငံသားများအကြား ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေစေရန်အတွက် ပညာရေးကဏ္ဍကပါ တာဝန်ယူဆောင်ရွက်သွားရမည့် အချိန်အခါကိုလည်း ရောက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း အခြေအနေအချိန်အခါ၏ တောင်းဆိုချက်များနှင့်အညီ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးနယ်ပယ်ကဏ္ဍစုံတွင် သက်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းပြီး အမျိုးသားစွမ်းဆောင်ရည် အစဉ်ထာဝရ ထက်မြက်မြင့်မားနေစေရန် သိပ္ပံနှင့်နည်းပညာ နယ်ပယ်ကဏ္ဍစုံတွင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်ထားနိုင်စေရန်နှင့် အစဉ်အမြဲ လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာစေရန် မျှော်မှန်းပြီး အမျိုးသား ပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အထူးသဖြင့် အဆင့်မြင့် ပညာကဏ္ဍတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး၊ အမျိုးသမီး၊ အမျိုးသား မခွဲခြားဘဲ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ညီမျှစွာဖြစ်ထွန်းလာအောင်၊ မိမိသင်ယူလိုရာ ပညာရပ်များကို ရွေးချယ်သင်ယူနိုင်သည့် အခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာအောင်၊ တစ်သက်ပန်လုံး စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သည့် ပညာရေးဆိုင်ရာအခြေခံကောင်းများ ဖြစ်ထွန်းလာအောင် စနစ်တကျစီမံကိန်းများ ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

တက္ကသိုလ်၊ ကောလိပ်

ထို့ကြောင့် ၁၉၈၈ခုနှစ်မတိုင်မီကာလက အဆင့်မြင့်ပညာ ကဏ္ဍတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၃၂ခုသာ ရှိခဲ့ရာ ယနေ့ဆိုလျှင် ၁၅၆ခု အထိ ပေါ်ထွန်းလာခဲ့ပြီး ပြည်နယ်နှင့်တိုင်း မြို့ကြီးတိုင်း၌၊ ဖွံ့ဖြိုးရေး အထူးဒေသဟု သတ်မှတ်ထားသည့် ဒေသတိုင်းတွင် တည်ရှိနေသည့် မြို့ကြီးတိုင်း၌ တက္ကသိုလ် သို့မဟုတ် ဒီဂရီကောလိပ် သို့မဟုတ် ကောလိပ် တစ်ခုမဟုတ်တစ်ခု တည်ရှိနေပြီဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ပညာရပ်များ ရွေးချယ်သင်ယူနိုင်ခွင့်နှင့်ပတ်သက်ပြီးလည်း ပညာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာတိုးတက်ဖြစ်ထွန်းမှုများဖြင့် လိုက်လျောညီထွေစွာ အဆင့်မြှင့်တင်ပေးမှုများ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့အစီအစဉ်များ တိုးချဲ့ဖွင့်လှစ်ပေးမှုများ၊ ပေါင်းစပ်ဘာသာရပ်များ၊ ပညာရပ်မျိုးကွဲများ တိုးချဲ့သင်ကြားပေးမှုများအပြင် တက္ကသိုလ်၊ ကောလိပ်များ၌ ပုံမှန်ပညာရေးစနစ်နှင့် ယှဉ်တွဲပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနများ၌ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးမှုများကိုပါ စနစ်တကျ စီမံဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ၁၉၈၈ခုနှစ်က ဘွဲ့ကြို၊ ဘွဲ့လွန် သင်ကြားရေးအစီအစဉ် ၅၉မျိုးသာရှိခဲ့ရာက ယခုဆိုလျှင် ပုံမှန်သင်တန်းများတွင် သင်ကြားရေးအစီအစဉ် ၁၅၇မျိုး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများတွင် သင်ကြားရေးအစီအစဉ် ၁၆၀နီးပါး ဖွင့်လှစ်သင်ကြားပေးနိုင်နေပြီဖြစ်ကြောင်း။

ဖြန့်ကြက်တည်ထောင်

သင်ကြားမှု၊ သင်ယူမှု အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းစေရေး၊ နိုင်ငံတကာ အဆင့်မီသင်ကြားမှု၊ သင်ယူမှုနည်းပညာရပ်များ တိုးတက်ထွန်းကားစေရေးနှင့် အသက်အရွယ်မရွေး၊ အချိန်အခါမရွေး စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်ရေးတို့အတွက် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ယခုဆိုလျှင် Electronic Data Broadcasting စနစ်ကို အခြေခံသည့် e-Learning Centre ၅၁ခု၊ Computer Traning Centre ၁၄၃ခု၊ e-Education Resource Centre ၄၉ခု၊ တက္ကသိုလ်နှင့် ကောလိပ်များတွင် ဖြန့်ကြက်တည်ထောင်ထားပြီးဖြစ်သကဲ့သို့ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များအကြား ကွန်ပျူတာကွန်ရက်များလည်း ချိတ်ဆက်ပေးထားပြီးဖြစ်သည့်အတွက် e-mail, Internet, Intranet, Video

Conferencing စနစ်များအပြင် အချို့သောပညာရပ်များကို Web-based Teaching System ခေါ်သည့် Online စနစ်ဖြင့် သင်ကြားပေးနိုင်နေပြီလည်းဖြစ်ကြောင်း။

ထို့အပြင် အဆင့်မြင့်ပညာ သင်ကြားသင်ယူမှု အဆင့်မြှင့်တင်နိုင်ရေးနှင့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်စေရေးတို့အတွက် ဝါရင့်၊ သမ္မာရင့် အတွေ့အကြုံရင့်ကျက်သော ပညာရှင်ကြီးများ ပါဝင်သည့် ပညာရှင်အဖွဲ့များ ဖွဲ့စည်းပေးထားပြီး ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများ၊ နိုင်ငံတကာ အဆင့်မီ သုတေသနလုပ်ငန်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာအောင် နိုင်ငံတော်အစိုးရက အားပေးထောက်ကူပံ့ပိုးပေးလျက်လည်း ရှိနေပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ တစ်နိုင်ငံလုံးတွင် ကွက်လပ်မကျန်အောင် တက္ကသိုလ်၊ကောလိပ်များ ဖြန့်ကြက်ပေါ်ထွန်းနေပြီး အဆင့်မြင့်ပညာလေ့လာသင်ယူနိုင်သည့် နိုင်ငံတကာအဆင့်မီပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများလည်း ဖြစ်ထွန်းနေပြီဖြစ်သော အခြေအနေအချိန်အခါကောင်းတွင် တက္ကသိုလ် ဆရာ၊ ဆရာမများအားလုံးက သည်ဖြစ်ထွန်းနေပြီဖြစ်သည့် အခြေခံကောင်းများကို ပိုမိုထိရောက်အကျိုးရှိစွာ အသုံးပြုပြီး နိုင်ငံတော်၏ အမျိုးသားပညာရေးဆိုင်ရာမျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဘဝတစ်သက်တာလုံး စဉ်ဆက်မပြတ်လေ့လာသင်ယူတတ်သည့် အလေ့အကျင့်ကို မိမိတို့၏ တပည့်ကျောင်းသူ၊ ကျောင်းသားများတွင် စွဲမြဲစွာဖြစ်ထွန်းနေစေရန် လေ့ကျင့်ပျိုးထောင်ပေး ရမည့်အပြင် မိမိတို့ကိုယ်တိုင်လည်း စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရမည်ဖြစ်ကြောင်း။

တီထွင်တိုးချဲ့

မိမိတို့တက္ကသိုလ်ကို တက္ကသိုလ်တည်ရှိရာဒေသ၏ ပညာရပ်ဆိုင်ရာ အရင်းအမြစ်တစ်ခုဖြစ်လာစေရန်၊ ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာနှင့် ပညာရပ်ဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် နေရာဌာနတစ်ခု ဖြစ်လာစေရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုများအပါအဝင် လေ့လာစူးစမ်းမှု၊ သင်ကြားသင်ယူမှုလုပ်ငန်းများ တီထွင်တိုးချဲ့ ဆောင်ရွက်သွားကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များမှသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များကို မိမိတို့ကျွမ်းကျင်ရာ ပညာရပ်ဆိုင်ရာ ကဏ္ဍက ဖြည့်ဆည်းပေးနိုင်စေရအောင် အားထုတ်ကြိုးပမ်းကြရန်နှင့် အမျိုးသားစီးပွားရေးဘဝ တိုးတက်အောင်မြင်ရေး၊ အမျိုးသားလူမှုရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားယဉ်ကျေးမှုဘဝ ထိန်းသိမ်းမြှင့်တင်ရေးတို့အတွက် အထောက်အကူပြုနိုင်သည့် တက္ကသိုလ်ကြီးများဖြစ်လာစေရအောင် တက္ကသိုလ် ဆရာ၊ဆရာမများအားလုံးက အမျိုးသားရေးအသိရှိရှိဖြင့် ကြိုးစားအားထုတ်ကြရန် မှာကြားလိုကြောင်း။

အထူးသဖြင့် မိမိတို့၏ တပည့်ကျောင်းသူ၊ ကျောင်းသားလူငယ်များကို စာပေပညာ သင်ကြားပေးရုံသက်သက်သာမက တွေးခေါ်မြော်မြင် စဉ်းစားချင့်ချိန်နိုင်သည့် အသိဉာဏ်ပညာ တိုးတက်ဖြစ်ထွန်းအောင် တီထွင်ဖန်တီးနိုင်မှု စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုအရည်အသွေး၊ ရှာဖွေစူးစမ်း လေ့လာနိုင်မှုစွမ်းအားတို့ ဖွံ့ဖြိုးတိုးတက်လာစေရအောင်၊ အသိအမြင်ကျယ်ပြန့်ပြီး အတွေးအမြင်ဗဟုသုတ ကြွယ်ဝစေရအောင်၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေးခံယူချက်တို့ ဖြစ်ထွန်းလာစေရအောင်၊ နိုင်ငံတကာအခြေအနေကို ရှုမြင်သုံးသပ်နိုင်ပြီး အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း။

စတင်အကောင်အထည်ဖော်

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူအများစုကြီး၏ လိုလားတောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဤကဲ့သို့ ပြုပြင်ပြောင်းလဲမှုများကို စီမံဆောင်ရွက်ရာတွင် နိုင်ငံတော်တိုးတက်ဖြစ်ထွန်းမှုများကို အမျိုးသားရေး အကျိုးစီးပွားအဖြစ်ထွန်းနိုင်ဆုံးလမ်းကြောင်းမှန်ပေါ်၌ တည့်မတ်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းနိုင်စေရန်နှင့် ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်ခံ့မှုကို အာမခံနိုင်သည့် အခြေခံကောင်းများပါ တစ်ပါတည်း ဖြစ်ထွန်းလာစေရန်အတွက် စနစ်တကျ ထိန်းသိမ်းစီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ယင်းကဲ့သို့ အခြေအနေနှင့် နိုင်ငံတော်၏ လိုအပ်ချက်များကို တက္ကသိုလ် ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံသူ၊ နိုင်ငံသားများအားလုံးက သိမြင်ပြီး မိမိတို့ကျွမ်းကျင်ရာကဏ္ဍက ပါဝင်ပံ့ပိုးကူညီ ဆောင်ရွက်ကြရန်၊ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် လိုအပ်သည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာ့အလယ်တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရအောင် အမျိုးသားပညာရည်မြင့်မားမှုစွမ်းပကားဖြင့် ဖော်ဆောင်ပေးနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊**
- **ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတကာအဆင့်မီပညာ ရည်ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများ အား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မွန်းလွဲ ၁နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါသင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများ သင်တန်းသား၊ သင်တန်းသူ ၆၁၇ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဇူလိုင် ၃ ရက်က မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ္တရာမြို့ သရက်တန်း အခြေခံပညာမူလတန်းလွန်ကျောင်း စံပယ်ဖြူ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်း-ကျော) (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ပခုက္ကူလေယာဉ်ကွင်းသစ် တည်ဆောက်ရေးနှင့် ပုဂံညောင်ဦးလေဆိပ် တိုးချဲ့လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇူလိုင် ၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ပခုက္ကူလေယာဉ်ကွင်းသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံ ဦးသိန်းစိုးက လေယာဉ်ပြေးလမ်း တည်ဆောက်ပြီးစီးမှု အခြေအနေ၊ လေဆိပ်အဆောက်အအုံတည်ဆောက်ပြီးစီးမှုအခြေအနေ၊ လေယာဉ်ရပ်နားနေရာနှင့် လေကြောင်းထိန်းမျှော်စင် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူများက ဖြည့်စွက်တင်ပြကြရာ ဝန်ကြီးက မိုးရာသီတွင် လုပ်၍ရသည့် လုပ်ငန်းများကို အရှိန်အဟုန်မပျက်လုပ်ဆောင်ကြရေးနှင့် စီမံကိန်းကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လေဆိပ်အဆောက်အအုံ ပြီးစီးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ထို့နောက် ဝန်ကြီးသည် စက်ယန္တရားများဖြင့် လေယာဉ်ပြေးလမ်း အခြေခံလွှာ နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လေယာဉ်ပြေးလမ်း လမ်းဝဲ/ယာ မြေသားလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပခုက္ကူလေယာဉ်ကွင်းသစ်ကို ပထမအဆင့် လေယာဉ်ပြေးလမ်းအရှည်ပေ ၈၅၀၀နှင့် အကျယ်ပေ ၁၀၀ နိုင်လွန်ကတ္တရာခင်းအမျိုးအစား တည်ဆောက်မည်ဖြစ်သည်။ အလျားပေ ၁၆၀၊ အနံပေ ၈၀ရှိ မြန်မာမှုအနုပညာလက်ရာများဖြင့် တည်ဆောက်သည့် လေဆိပ်အဆောက်အအုံအပြင်လေယာဉ်ရပ်နားနေရာနှင့် လေကြောင်းထိန်းမျှော်စင် ပါရှိမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပုဂံညောင်ဦးလေဆိပ်၊ လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ဆက်လက်၍ ဝန်ကြီးသည် လက်ရှိ လေဆိပ်အဆောက်အအုံကို အဆင့်မြှင့်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းမှာကြားသည်။ (သတင်းစဉ်)

ညီလာခံ ကိုယ်စားလှယ်များအား ရုပ်ရှင်ပြသဖျော်ဖြေ

ရန်ကုန် ဇူလိုင် ၄

အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာ ချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာ သက်မောင်မောင်ရိုက်ကူးပြီး သရုပ်ဆောင် ရန်အောင်၊စိုးသူ၊ ထွန်းအိန္ဒြာဗို၊ စံရှားတင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည့် "နှောင်းတမြေ့မြေ့" ရုပ်ရှင်ဇာတ်ကားဖြင့် တင်ဆက်ပြသရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ပခုက္ကူလေယာဉ်ကွင်းသစ် လေယာဉ်ပြေးလမ်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။
(ပို့ဆောင်ရေး)

အထက်မင်းလှမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇူလိုင် ၄

အထက် မင်းလှမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် မင်းလှမေ့ရိပ်သာကျောင်း (ဗဟန်းဈေးအနီး) ရေတာရှည်လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

နိုင်ငံတကာ သတင်းဂျာနယ် အမှတ်(၄၅၇) ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၄

နိုင်ငံတကာသတင်းဂျာနယ် အမှတ် (၄၅၇)ကို ယနေ့ (တနင်္လာနေ့)တွင် ဖြန့်ချိလိုက်ပြီဖြစ်သည်။

(ယာပုံ)

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာ သတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား ဖော်ပြနေသော နိုင်ငံတကာ သတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် ဟောင်ကောင် ပေါင်းစည်းမှု နှစ်ပတ်လည်၊ လုံခြုံရေး တပ်ဖွဲ့များ ဆော်ဒီအဆင့်မြှင့်မည်၊ အယ်သာဝေဒိုနိုင်ငံ၊ ကမ္ဘာ့လူသားချင်းစာနာမှု အဆိုးရွားဆုံး ဆူဒန်နိုင်ငံ ဒါဖားဒေသ၊ အာဖဂန်တွင် တပ်ဖွဲ့ဝင်တိုးမည့်နေတိုး၊ ဂွါတာနာမိုမှ အကျဉ်းသားများ အမေရိကန်သို့ပြောင်း၊ ဥရောပ ငါးဖမ်းလုပ်ငန်း၊ အင်ဒရာပရာဒေ့ရှ်မှ လယ်သမားများကို ထောက်ပံ့ကြေးပေး၊ ယူကော့စ်ကုမ္ပဏီ၏ အကျပ်အတည်း၊ ဥရောပတွင် အကြမ်းဖက်တိုက်ခိုက်ရန် အယ်လ်ခိုင်ဒါခြိမ်းခြောက်၊ လက်ကိုင်ဖုန်းကိုင်သော အမျိုးသားများ သတိထား၊ မိုင်တိုင်စန်၊ နိုင်ငံတကာဟာသ၊ မပြီးဆုံးသေးသော ဗြိတိန်ရေတပ်ပြဿနာ၊ ယုံချင်ယုံ မယုံချင်နေ၊ အမေရိကန် ပြည်နယ်များတွင် မသန့်ရှင်းသော လေကိုရှူရှိုက်နေရ၊ ကမ္ဘာ့ဈေးကွက်ဝင်မည့် ဖိလစ်ပိုင်သရက်၊ အီရတ်ကာတွန်းအမြင် စသည့်သတင်းနှင့်သတင်းဆောင်းပါးများ ဝေဝေဆာဆာ ပါရှိသည်။ (က-ပ)

ကလေးသွားကျန်းမာရေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)၏ ဦးဆောင်မှုဖြင့် M.D.A ရန်ကုန်အသင်းခွဲနှင့် Fair Deal Co. Ltd တို့ကကြီးမှူး၍ သွားဘက်ဆိုင်ရာ ဆေးပညာဟောပြောပွဲကို ယနေ့နံနက်၉နာရီတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန် အသင်းခန်းမဆောင် (ဘီ)၌ ကျင်းပသည်။ ဟောပြောပွဲတွင် ပါမောက္ခ ဒေါက်တာဦးမျိုးဝင်းက ကလေးသွားကျန်းမာရေးအကြောင်းကို ဟောပြောသည်။

ထို့နောက် Fair Deal Co. Ltd မှ တင်သွင်းဖြန့်ချိသော New Protelyte Enzyme (Axcel papain) နှင့် အခြားသော ဆေးဝါးများကို ပြသရောင်းချပြီး ပညာရပ်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးပွင့်ဖူးက အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ (သတင်းစဉ်)

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံး/ ထွက်ပြိုင်ပွဲ ပွဲစဉ်များရေးဆွဲ

ရန်ကုန် ဇူလိုင် ၄

၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းဖွင့် ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ရှုံး/ထွက်ပြိုင်ပွဲအတွက် အသင်းအုပ်ချုပ်သူများညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဘန်နီတင်အောင်က အမှာစကားပြောကြားပြီး ဒုတိယအဆင့် အုပ်စု ရှုံး/ထွက်ပြိုင်ပွဲအတွက် မဲနှိုက်ပွဲစဉ် ရေးဆွဲရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဘရီက ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အသင်းအုပ်ချုပ်သူများက အကြံပြုဆွေးနွေးတင်ပြကြကာ ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲအတွက် မဲနှိုက်၍ ပြိုင်ပွဲ ပွဲစဉ်များကို ရေးဆွဲကြသည်။

ထို့နောက် အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဒုတိယဗိုလ်မှူးကြီးလှမော်ဦးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲများကို ဇူလိုင် ၅ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ရှိ သတ်မှတ်ထားသည့် ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

ဇူလိုင် ၅ ရက် ညနေ ၃ နာရီခွဲတွင် ပထမကွာတားဖိုင်နယ်ပွဲအဖြစ် စီးပွား/ကူးသန်းအသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဒုတိယကွာတားဖိုင်နယ်ပွဲအဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့် ကမ္ဘောဇအသင်းတို့က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဇူလိုင် ၆ရက် ညနေ ၃နာရီခွဲတွင် တတိယကွာတားဖိုင်နယ်ပွဲအဖြစ် စွမ်းအင်အသင်းနှင့် လယ်ယာ/ထွက်ကုန်အသင်းတို့က ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပြီး စတုတ္ထ ကွာတားဖိုင်နယ်ပွဲအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးအသင်းတို့က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပြိုင်ပွဲ၏ပထမအကြိုဗိုလ်လုပွဲကို ဇူလိုင် ၇ရက် ညနေ ၃နာရီခွဲ တွင်လည်းကောင်း၊ ဒုတိယအကြို ဗိုလ်လုပွဲကို ဇူလိုင် ၈ရက် ညနေ ၃နာရီခွဲ တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၁၀ရက် ညနေ ၃နာရီခွဲတွင်လည်းကောင်း ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)



ဖွင့်လှစ်ပေး

ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ရုံး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းနုက ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (က-ပ)

ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ရုံးခန်းဆိုင်းဘုတ်တင်ပွဲ အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၄

၂၀၀၄ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ရုံးခန်း ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၈နာရီက တောင်ကြီးမြို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံးရှေ့၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ဇနီး ဒေါ်ဝင်းဝင်းနု၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိန်သင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပညာရေးကောလိပ် ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ဇနီး ဒေါ်ဝင်းဝင်းနုက ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ တိုင်းမှူး၏ဇနီးနှင့် တက်ရောက်လာကြသူများက ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။ (က-ပ)

သစ်တောဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အခြေခံစက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၄

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့တွင် ရန်ကုန်မြို့ အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း အမှတ်(၃) ပရိဘောဂစက်ရုံသို့ ရောက်ရှိလာရာ စက်ရုံညွှန်ကြားရေးမှူး ရေးမှူးကြီး... စက်ရုံညှော့ခန်းမ၌ တာဝန်ရှိသူများက စက်ရုံ၏လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း လှည့်လည်၍ ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်မှု အဆင့်ဆင့်ကိုလည်းကောင်း၊ ထုတ်လုပ်ပြီး ပရိဘောဂပစ္စည်းများ ပြည်ပသို့တင်ပို့ရန် အသင့်ပြင်ဆင်ထားမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကုန်ချောအရည်အသွေး မြင့်မားရေး၊ ပြည်ပဈေးကွက် ဈေးကောင်းရရှိရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ အဆိုပါစက်ရုံမှ ထွက်ရှိသော ပရိဘောဂပစ္စည်းများ၊ သစ်ခွဲသားများ၊ ပါကေးတုံးများကို ပြည်ပသို့ စတင်ရောင်းချမည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာမြို့နယ် သစ်အရောင်းဆိုင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ပြည်သူများသစ်ခွဲသားများ လွယ်ကူစွာ ဝယ်ယူရရှိရေးနှင့် ပစ္စည်းများ မပြတ်လပ်စေရေး စီစဉ်ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံစက်မှုဇုန်ရှိ မြန်မာဝင်းစတားကုမ္ပဏီလီမိတက်၊ မြစ်မခကုမ္ပဏီလီမိတက်၊ SLP WOOD Pte., Ltd. သစ်အခြေခံ စက်ရုံများသို့ သွားရောက်၍ သစ်အချောထည်ထုတ်လုပ်မှု အဆင့်ဆင့်၊ ပြည်ပသို့ ပို့ဆောင်ရန် ထုပ်ပိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဝါသနာပါရာ အားကစားများလေ့ကျင့် အရောင်းဆိုင်များ ပိတ်ရက်မရှိ ရောင်းချပေး

ရန်ကုန် ဇူလိုင် ၄

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံ ကိုယ်စားလှယ်များသည် နေ့စဉ်ဆောင်ရွက်လျက်ရှိသည့် လမ်းလျှောက်ခြင်း၊ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းနှင့် မိမိတို့ကျန်းမာရေးအတွက် ဝါသနာပါရာ အားကစားနည်းအလိုက် လေ့ကျင့်ခန်းများကို ယနေ့နံနက်ပိုင်းမှ စတင်ကာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၊ ကိုယ်ကာယ လေ့ကျင့်ရေးခန်းမ၊ ဘီလီယက်ခန်းမနှင့် ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်းတို့၌ လေ့ကျင့်ကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာန "ဝင်းသူဇာ" အရောင်းဆိုင်က အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ အဝတ်အထည်၊ စာရေးကိရိယာနှင့် ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း(ဂျီအီးစီ) အရောင်းဆိုင်ကလည်း စားသုံးကုန်၊ လူသုံးကုန်၊ အထည်အလိပ်၊ စာရေးကိရိယာနှင့် လျှပ်စစ်အသုံးအဆောင် ပစ္စည်းများကိုလည်းကောင်း နေ့စဉ်ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချ ပေးလျက်ရှိသည်။

အလားတူ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ညောင်နှစ်ပင်စခန်း၌ ဆက်သွယ်ရေးစခန်းနှစ်ခု ဖွင့်လှစ်ထားရှိပြီး စာပို့တိုက်လုပ်ငန်း၊ ကြေးနန်းလုပ်ငန်းနှင့် ပြည်သူသုံးတယ်လီဖုန်းဆက်သွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အရောင်းဆိုင်ကလည်း သန့်ရှင်းလတ်ဆတ်သည့် အသင့်စားသုံးနိုင်သော စားသောက်ဖွယ်ရာ ပစ္စည်းများ၊ ပျားရည်ထွက်ပစ္စည်းများနှင့် စည်သွတ်ဘူးများကို ရောင်းချပေးလျက်ရှိပြီး နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနက ဆံသဆိုင် ဖွင့်လှစ်ထားကာ ဆံသလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မျက်မှန်ကျွမ်းကျင် (အငြိမ်းစား) ဝန်ထမ်းများ၏ မြန်မာမျက်မှန်ဆိုင်က ခေတ်မီစက်ကိရိယာများဖြင့် အခမဲ့မျက်စိစမ်းသပ်ပေးပြီး ဈေးနှုန်းသက်သာစွာဖြင့် မျက်မှန်များကို ရောင်းချပေးလျက်ရှိသည်။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်ဆိုင်ကလည်း အမျိုးသားညီလာခံကိုယ်စားလှယ်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထုနှင့် သုတ၊ ရသ စာအုပ်များကို ငှားရမ်းပေးပြီး မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်စာအုပ်များနှင့် စာပေဗိမာန် စာမူဆုရ စာအုပ်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် ဂရင်းကျန်းမာရေး စောင့်ရှောက်မှု သမဝါယမအသင်းလီမိတက်က ထိုးဆေး၊ စားဆေးနှင့် တိုင်းရင်းဆေးဝါးများကို ရောင်းချပေးလျက်ရှိပြီး ပဒေသာစားသောက်ဆိုင်နှင့် လပ်ကီးဝမ်း စာသောက်ဆိုင်တို့က သန့်ရှင်းလတ်ဆတ်သော စားသောက်ဖွယ်ရာ အမျိုးမျိုးကို ရောင်းချပေးလျက်ရှိသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအတွက် ပင်မင်း ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ နေ့စဉ် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းနှင့် ဝါသနာပါရာ အားကစားနည်းအလိုက် လေ့ကျင့်ခန်းများ လေ့ကျင့်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များအတွက် စားသုံးကုန်၊ လူသုံးကုန်၊ အထည်အလိပ်၊ စာရေးကိရိယာ စသည့် အသုံးအဆောင်ပစ္စည်းများကို နေ့စဉ် ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

စက်မှု(၁) ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်း ရွှေတောင် အဆင့်မြင့်အထည်စက်ရုံ စစ်ဆေး

ရန်ကုန် ဇူလိုင် ၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂ရက် နံနက်ပိုင်းတွင် မြန်မာ့အထည်အလိပ်လုပ်ငန်း ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံသို့ ရောက်ရှိ၍ စက်သစ်များ တပ်ဆင်နေမှုနှင့် ကုန်ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စက်သစ်များ အချိန်မီ တပ်ဆင်ပြီးစီးရေး၊ စက်များ စွမ်းအားပြည့် လည်ပတ်ဆောင်ရွက်သွားနိုင်ရေးနှင့် ကုန်ထုတ်လုပ်မှု လျာထားချက်ပြည့်မီကျော်လွန်စေရေးအတွက် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပဲခူးတိုင်း(အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့်အတူ မွန်းလွဲပိုင်းတွင် ပြည်မြို့ ခေတ္တရာစက်မှုဇုန်သို့ ရောက်ရှိ၍ စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံပြီး ၂၀၀၄-၂၀၀၅ ခုနှစ်ကို စက်မှုလက်မှု အရှိန်အဟုန်မြှင့်တင်ရေးနှစ်အဖြစ် နိုင်ငံတော်မှ သတ်မှတ်ထားရှိသည်နှင့်အညီ ဇုန်အတွင်း စက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးမြင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ မော်တော်ယာဉ် ထုတ်လုပ်သည့် လုပ်ငန်းများ၊ လယ်ယာသုံး စက်ပစ္စည်းကိရိယာ ထုတ်လုပ်သည့်လုပ်ငန်းများ၊ စက်ပစ္စည်းကိရိယာထုတ်လုပ်သည့်လုပ်ငန်းများနှင့် သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ နိုင်ငံတော်ပိုင် စက်ရုံများနှင့် အပြန်အလှန်ပေါင်းစည်း ဆောင်ရွက်သွားနိုင်ရေးတို့ကို မှာကြားပြီး စက်မှုလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စက်မှုဇုန်အတွင်းရှိ ဦးသောင်းမြင့်သံရည်ကျိုနှင့် စက်မှုလက်မှုလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

သနပ်ပင် အထက နှစ်(၅၀)ပြည့် ရွှေရတု

ရန်ကုန် ဇူလိုင် ၄

ပဲခူးတိုင်း သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနား၊(၁၃)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၅ရက်နှင့် ၂၆ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းမှ ကျောင်းသူ၊ကျောင်းသားဟောင်းများသည် ဦးဖိုးဇော် ဖုန်း-၀၅၂-၂၂၃၇၆၊ ဒေါ်စီစီလိုင်(မြို့နယ်ပညာရေးမှူးရုံး)၊ဖုန်း- ၀၅၂-၂၂၃၇၅၊ဦးဝင်းကြည် ဖုန်း-၀၁-၆၈၀၉၈၈၊ ၀၉၈-၂၄၄၈၀၊ ဦးစိုးမြင့် ဖုန်း-၀၁-၅၆၅၂၄၈၊ ဦးကျင်သိန်း ဖုန်း ၀၁-၅၄၃၄၀၁၊ ဒေါ်ရီရီလှ ဖုန်း- ၀၁-၂၈၇၄၁၃ နှင့် ကိုရဲဝင်းနိုင် ဖုန်း၀၁-၇၂၆၁၅၆တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး အခမ်းအနားသို့ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

✳ ရန်ကုန်တောင်ပိုင်းခရိုင်မှ

ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးနှင့် နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် ကော်မတီဝင်များ၊ ရန်ကုန်တိုင်း တောင်ပိုင်းခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆောက်အအုံသစ်အတွင်း ဖွင့်လှစ်ထားသည့် လူငယ့်ရိပ်မြုံကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အဆောက်အအုံသစ်ဖွင့်ပွဲ ပထမပိုင်းအစီအစဉ်ကို နံနက် ၇နာရီ မိနစ် ၄၀တွင် အဆောက်အအုံသစ် ရှေ့ဥပစာ၌ကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အလှူရှင် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာဒေါ်မိုးမြမြတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံသစ် မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် အဆောက်အအုံသစ် အုတ်မြစ်စီမင်္ဂလာအခမ်းအနားမှတ်တမ်းဓာတ်ပုံများ၊ ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၏ ကျောက်တန်းမြို့နယ် ခရီးစဉ်မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို အဆောက်အအုံသစ်ခန်းမ၌ ကျင်းပသည်။

ဂုဏ်ယူဝမ်းမြောက်

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားရာတွင် ကျောက်တန်းမြို့၌ ယခုကဲ့သို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံကြီး တစ်ခု ခမ်းနားထည်ဝါစွာ ပေါ်ပေါက်လာသည်ကို တွေ့မြင်ရသည်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ ယင်းအဆောက်အအုံ၏ နောက်ခံသမိုင်းကြောင်းကို ပြန်လည်ပြောကြားရလျှင် ၁၉၄၇ခုနှစ်က ကျောက်တန်းမြို့တွင် မိခင်များနှင့် ကလေးငယ်များကို စောင့်ရှောက်မှုပေးရန် သားဖွားဆောင်တစ်ခု ဆောက်လုပ်နိုင်ရေးအတွက် အလှူရှင်များဖြစ်သည့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ မိဘများနှင့်ဆွေမျိုးများက ယခုမြေကွက်ကို လှူဒါန်းခဲ့ကြပြီး မြေကွက်ပေါ်တွင် အဆောက်အအုံ ဆောက်လုပ်ကာ သားဖွားဆောင်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

၁၉၉၁ ခုနှစ်တွင် နိုင်ငံတော်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းကြီးကို ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းပေးခဲ့ပြီးနောက် ဤနေရာနှင့် အဆောက်အအုံများကို ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ကျောက်တန်းမြို့နယ် အသင်းအနေဖြင့် မိမိတို့အသင်းကြီး၏ လမ်းညွှန်မှုများနှင့်အညီ လုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၁၉၉၄ခုနှစ်မှစတင်၍ မူလအဆောက်အအုံဟောင်းတွင်ပင် မူလတန်းကြိုကျောင်းကို ဖွင့်လှစ်ပြီး သုံးနှစ်မှငါးနှစ်အတွင်း ကလေးငယ် ၃၅ဦးတို့အား ပြုစုပျိုးထောင်ပေးခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်တွင် တိုးချဲ့လုပ်ငန်းစဉ် တစ်ခုဖြစ်သည့် မိသားစုဝင်ငွေတိုးရေးလုပ်ငန်းအတွက် စက်ချုပ်သင်တန်း၊ မြန်မာ့ရိုးရာမုန့်ဖုတ်သင်တန်းများကို အသင်းရုံးတည်နေရာ၌ပင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယင်းကဲ့သို့လုပ်ငန်းများကို တက်ကြွစွာဖြင့် စနစ်တကျ ပီပြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ လုပ်ငန်းများကို စိတ်ဝင်စားသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများက ကျောက်တန်းမြို့နယ်အသင်း၏ လုပ်ငန်းများကို မကြာခဏ လာရောက်ကြည့်ရှု လေ့လာကြကြောင်း၊ ယင်းသို့ လေ့လာသူများ လာရောက်သည့်အခါတွင် မျက်နှာပန်းလှသစ်လွင်ထည်ဝါသည့် အဆောက်အအုံတစ်ခု ဖြစ်စေလိုသော ဆန္ဒနှင့်အညီ ယခု အဆောက်အအုံသစ်ကြီးကို အလှူရှင် ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်-ဒေါက်တာ ဒေါ်မိုးမြမြ မိသားစုက ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း၊ မြေအနေအထား ကျယ်ဝန်းမှုကြောင့် ယခု အဆောက်အအုံသစ်တွင် အသင်းရုံးသာမက အသင်းက ဆောင်ရွက်နေသည့် အခြားလုပ်ငန်းများဖြစ်သော မူလတန်းကြိုကျောင်း၊ မိသားစု ဝင်ငွေတိုးလုပ်ငန်းနှင့် လူငယ့်ရိပ်မြုံတို့အတွက်ပါ နေရာများရရှိလာပြီဖြစ်ကြောင်း၊ အသင်းမှ တာဝန်ရှိသူများ အနေဖြင့်လည်း အသင်းပိုင် အဆောက်အအုံအတွင်းရှိ လုပ်ငန်းအသီးသီးကို စနစ်တကျဖြင့် ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်နိုင်ကြရုံမျှမကဘဲ အဆင့်အတန်းမြင့်ပြီး အရည်အသွေး ပြည့်ဝသည့် ယင်းအဆောက်အအုံကြီးကို ရေရှည်တည်တံ့အောင် အသင်းဝင်များအားလုံးက ဝိုင်းဝန်းကြိုးစား ထိန်းသိမ်းသွားကြရန်လည်းလိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံသစ်ကို မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အလှူရှင် ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ ဒေါ်မိုးမြမြတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လွှဲပြောင်းပေးအပ်

ထို့နောက် အဆောက်အအုံသစ် အလှူရှင် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အဆောက်အအုံသစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများနှင့် ပရိဘောဂပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါက်တာလှမြင့်က လက်ခံသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းက ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မူလတန်းကြို ကျောင်းအတွက် လှူဒါန်းသည့် အရုပ်၊ စာအုပ်နှင့် စာရေးကိရိယာများကို အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မူမူဆွေထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအတွက် အလှူရှင်များဖြစ်ကြသည့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်မှ ဦးတေဇ-ဒေါ်သီတာဇော် မိသားစုက ငွေကျပ်၂၅သိန်း၊ Asia World Co., Ltdမှ ဦးထွန်းမြင့်နိုင်နှင့် ဇနီးတို့က ငွေကျပ်၁၀သိန်း၊ ရွှေနဂါးမင်းကုမ္ပဏီမှ ဦးဝင်းမြင့်က ငွေကျပ် ငါးသိန်း၊ ဦးအောင်ထွေး Golden Flower Co., Ltdက ငွေကျပ်ငါးသိန်း၊ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ငွေကျပ်၁၀သိန်း၊ ဒေါက်တာဇော်ထွန်း-ဒေါက်တာဌေးဌေးကြည် မိသားစု (ရွှေကျားပျံ ဆောက်လုပ်ရေး)၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်းနာယက ဦးငြိမ်း-ဒေါ်အုန်းကြည်မိသားစု (အိုကေဆန်၊ ဆီရောင်းဝယ်ရေး၊ ဘုရင့်နောင်)နှင့် ဦးအုန်းမြင့်-ဒေါ်စန်းမြင့် မိသားစု (ထွဋ်ခေါင်ဆောက်လုပ်ရေး) တို့က ငွေကျပ် ငါးသိန်းစီ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးမိသားစု၊ ရွှေကမ္ဘာ မောင်မောင် ဆောက်လုပ်ရေးမိသားစုနှင့် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ Mr. Nurul Islamတို့က ငွေကျပ်နှစ်သိန်းစီနှင့် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက ငွေကျပ် တစ်သိန်းအပါအဝင် စုစုပေါင်း လှူဒါန်းငွေ ကျပ် ၈၂သိန်းကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အဆောက်အအုံသစ်အတွင်း ဖွင့်လှစ်ထားသည့် မူလတန်းကြိုကျောင်းနှင့် လူငယ့်ရိပ်မြုံတို့ကို လှည့်လည်ကြည့်ရှုကြပြီး ရင်သွေးငယ်များအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ဆောက်လုပ်လှူဒါန်း

အဆိုပါ ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံသစ်ကို အလှူရှင် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒေါက်တာ ဒေါ်မိုးမြမြ မိသားစုက လှူဒါန်းငွေကျပ် ၁၂၁၄သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ယင်းအဆောက်အအုံသစ်တွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၊ အသင်းမှ ဖွင့်လှစ်သည့် မူလတန်းကြိုကျောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက ဖွင့်လှစ်သည့် လူငယ့်ရိပ်မြုံ အမျိုးသမီးများ၊ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာနိုင်သည့် စွမ်းပကားကို မြှင့်တင်ပေးမည့် မိသားစုဝင်ငွေတိုး စက်ချုပ်လုပ်ငန်းနှင့် ကျန်းမာရေး ပညာပေးလုပ်ငန်းများကို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၇)မိုင် ကုန်းမြင့်ရိပ်သာ အောင်ဇေယျလမ်း အမှတ်(၅/၂၂)နေ ကွယ်လွန်သူ နှစ်ဖက်မိဘများအား ဦးထိပ်ထား၍ ဦးဇင်အောင်-ဒေါ်အမာနီမိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)သို့ ဇူလိုင် ၁ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ထူးပေစွ၊ မြတ်ပေစွ၊ ထာဝရ 'ပန်း'ဒါန

※ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီက ဦးဆောင်လျက်"ထာဝရ ဒါန" "အရိပ်အလှူ ပန်းအလှူ"ပွဲတော်ကြီး ဆင်နွှဲနေပါပြီ။

※ "မနာပ ဒါယီ လဘတေ မနာပံ"
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ပေးလှူသူသည်
မြတ်နိုးဖွယ်ဝတ္ထုပစ္စည်းကို ရရှိနိုင်သည်။
(ဒေသနာတော်)

※ အာရာမရောပ ဒါန = ပန်းပင်သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း
ဝန ရောပ ဒါန = အရိပ်ကောင်းသော သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း...တို့သည်
ဥပဿယ ဒါန = ဇရပ် တန်ဆောင်း၊ ဂူကျောင်းပြာသာဒ်
ဆောက်လုပ်လှူဒါန်းခြင်း...နှင့်
ထပ်တူထပ်မျှ ကုသိုလ်ရကြောင်း
ဒါနဋီကာ ကျမ်းမဟာတို့တွင် ညွှန်းဆိုပြဖွင့် ကမ္ပည်းဆင့်ခဲ့ပါသည်။

※ "သစ်တစ်ပင်ကောင်း ပန်းတစ်သောင်း"

ရွှေတိဂုံစေတီတော်မြတ်၏ သိင်္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ မဟာဝန်းကျင်တွင် ဘက်စုံထောင့်စုံ အာရုံညွှတ်ဖူး ကြည်နူးချမ်းမြေ့စေရေးအတွက် "အရိပ်ရပင်များ""ပန်းအလှပင်များ"စိုက်ပျိုးရန် လိုအပ်လျက်ရှိပါသည်။

※ ဤနေရာမြတ်တွင်...
ပန်းတစ်ပင်စိုက်ပျိုးခြင်းသည် ရူပဒါန(အဆင်းအလှူ)
ဂန္ဓဒါန(နံ့သာအလှူ)တို့ကို တစ်ပြိုင်နက်ပြုပြီးဖြစ်ရုံသာမက
အပင်က ပန်းပွင့်လေတိုင်း...
ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကိုယ်တိုင် ကိုယ်ကြပ် ပန်းကပ်ဆက်လှူ
ဒါနယူနေသကဲ့သို့ ထပ်တူဝေဖြိုး ကုသိုလ်တိုးနေပါတော့မည်။
စေတနာမိုး ရွာသွန်းဖြိုးစဉ်
ဒါနအပင်ကို ရှင်အောင်မြဲအောင် စိုက်ပျိုးရွက်ဆောင်ကြပါစို့။

※ သစ်ပင်စိုက်ရာသီအမီ ဒါနပြုနိုင်သော အပင်များကို သဒ္ဒါအားနှင့် ချိန်ဆရွေးချယ်လှူဒါန်းနိုင်ပါသည်။

		လိုအပ်သောအရေအတွက်	တစ်ပင်နှုန်း
အရိပ်ရပင် –	ဆီအုန်း	၃၂	ကျပ် ၅၀၀၀၀
	ကြိမ်ထန်း	၁၇၉	ကျပ် ၅၀၀၀
	အုန်းငှက်ပျော	၁၆၁၅၀၀၀	
ပန်းအလှပင် – (Ground Cover)	ဗုဒ္ဓသရဏ	၂၃၅၆၈၀	ကျပ် ၅၀
	ရွက်လှ	၆၁၇၈	ကျပ် ၁၅၀
	ပိန်း	၁၃၉၄	ကျပ် ၂၀၀၀–၁၀၀၀၀
	ရွှေဝါ	၃၄၉၇	ကျပ် ၁၂၀၀
	ကြက်တူရွေး	၅၈၈၇၅	ကျပ် ၂၀၀
	ခေါင်ရန်း	၁၂၆၅၅	ကျပ် ၁၅၀
	ပုဏ္ဏရိုက်ကြီး	၂၅၉၁၉	ကျပ် ၅၀၀
	စံပယ်	၁၁၉၄၀	ကျပ် ၂၅၀
	ကြိမ်စပ်	၈၀၀	ကျပ် ၇၀၀
	ဒန့်ဒကူး	၁၃၇၁	ကျပ် ၅၀၀
	နဂါးစက်ဂမုန်း	၈၅၀	ကျပ် ၂၀၀
	ပျိုမနိုင်	၄၂၀	ကျပ် ၂၀၀
	ဗုဒ္ဓသရဏ(အရွက်နီ)	၂၈၀၀	ကျပ် ၂၅၀
	ချင်းနီ	၂၆၇၀	ကျပ် ၂၅၀
	ကိုင်းမြက်	၂၈၀၀၀	ကျပ် ၂၀၀
	ကိုယ်ရံလေး	၁၅၈၆၀	ကျပ် ၁၅၀
	စလူ	၂၀၉၅	ကျပ် ၅၀၀
	ယိုးဒယားပိစပ်	၈၆၈၉၅၀	ကျပ် ၅၀
	ချင်းကြား	၁၂၀၀	ကျပ် ၂၀၀
	ဝါးမြက်	၈၉၉၉၅	ကျပ် ၂၀၀
	ပိတ်စွယ်	၉၀၀၀၀	ကျပ် ၂၀၀

လှူဒါန်းရန်နေရာ – ရွှေတိဂုံစေတီတော်၊ မြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး၊ အလှူခံဌာန

လှူဒါန်းရန်ကာလ – ယနေ့မှစ၍ ဩဂုတ်လကုန်အထိ

ဆက်သွယ်စုံစမ်းရန် – ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ရုံး (ဖုန်း–၂၅၁၈၅၁၊၂၄၀၀၀၄)

**ရွှေတိဂုံစေတီတော်ထာဝရဘက်စုံ
ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ**

မွေးနေ့ဝိဇာတမင်္ဂလာ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ၁၁ဏရပ်ကွက် ရခိုင်ကျောင်း မင်္ဂလာသီရိမဟာ သတိပဋ္ဌာန်ကျောင်းတိုက်ကြီးနှင့် ရခိုင်ပြည်နယ် ကိုးမြို့နယ်ရှိ စိတ္တသုခ ကမ္မဋ္ဌာန်းရိပ်သာပေါင်း ၃၆ကျောင်းတို့၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ကမ္မဋ္ဌာနာစရိယ သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တဉာဏစက္ကမထေရ်၏ သက်တော်(၈၁)နှစ်ပြည့် မွေးနေ့ဝိဇာတ မင်္ဂလာကို ကောဇာသက္ကရာဇ် ၁၃၆၆ခု ပထမဝါဆိုလပြည့်ကျော်(၈)ရက်၊ ရခိုင် နယုန်လပြည့်ကျော်(၇)ရက်၊ ဇူလိုင်လ ၉ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးဖိတ်ကြားအပ်ပါသည်။

ဗုဒ္ဓသာသနာချီးမြှောက်ပူဇော်ရေးအဖွဲ့။









မိဂဒါဝုန်ဝိပဿနာ (၁၇)ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၄

လှိုင်မြို့နယ် (၁၁)ရပ်ကွက် ယောဂီကျောင်းလမ်းရှိ မဟာစည် ဝိပဿနာကျောင်းတိုက်၌ ဇူလိုင် ၁၅ရက်မှ ၃၁ရက်အထိ မိဂဒါဝုန် ဝိပဿနာတရားစခန်း ဖွင့်မည်ဖြစ်ပြီး ဇူလိုင် ၃၁ရက် (ဒုတိယ ဝါဆိုလပြည့်နေ့)(စနေနေ့)နံနက် ၇နာရီတွင် တရားစခန်းဆင်းပွဲနှင့် အတူ ဝါဆိုသင်္ကန်း ကပ်လှူပွဲ ကျင်းပမည်ဖြစ်ရာ ဖုန်း– ၅၂၆၁၈၂၊ ၆၅၀၈၅၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊အမှတ်(၈)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၄

အယ်ဒီတာချုပ် ကိုကို (စက်မှု တက္ကသိုလ်) တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက် ဂျာနယ် အတွဲ(၁)၊ အမှတ်(၈)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ်ဂျာနယ်တွင် ယူနန်ပြည်နယ်က မြန်မာနိုင်ငံ မြစ်ကြီးနားလမ်းနှင့် ဆက်စပ် အမြန်လမ်းမကြီးအား အဆင့်မြှင့် ရန်စီစဉ်၊ မြန်မာပိုလီတက္ကနစ် ကျောင်းသားအများစု ထူးချွန် ထက်မြက်ကြ၊ အထက်တန်း အောင်လက်မှတ် ပျမ်းမျှ ၇၅မှတ် ရသူများ ဝင်ခွင့်နီးစပ်၊ ခရီးသွား လာရေးကုမ္ပဏီသုံးခု လိုင်စင် မရှိဘဲ လုပ်ငန်းဆောင်ရွက်နေ သဖြင့် အမှုဖွင့် အရေးယူခံရပြီ၊ အဲယားမြန်မာလေကြောင်းလိုင်း သစ် မကြာမီပျံသန်းတော့မည်၊ မြန်မာပညာတော်သင်များအား ဂျပန်အစိုးရကထောက်ပံ့ကူညီမည်၊ ဂျပန်စီးပွားရေး နာလန်ထမှု အရှိန်ကောင်းလာနေ၊ ဆီစား သက်သာသည့် ဓာတ်ဆီ–လျှပ်စစ် မျိုးစပ်ကားများ တောင်ကိုရီးယား ဟွန်ဒေးကားကုမ္ပဏီက ထုတ်လုပ် ရန်ပြင်၊ ယူရိုဘောလုံးပရိသတ် များဖြင့် စီးပွားရှာသော်လည်း ပေါ်တူဂီမှန်းချက်နှင့် နှမ်းထွက် ကိုက်မည့်ပုံမပေါ်၊ ချစ်ကလိမ် နှလုံးသားကုထုံးရှိမလား၊အိမ်ထောင် သုခလည်းခံစားဟု ဂျာမန် ဘဏ်ကြီးက အကြံပြု စသည့် ပြည်တွင်းပြည်ပ စီးပွားရေးနှင့် အထွေထွေသတင်းများ၊ နယ်စပ် ကုန်သွယ်ရေးနှင့် ကုန်စည်ဒိုင် အပတ်စဉ် ဈေးနှုန်းသတင်းများ၊ သတင်းဆောင်းပါးသုံးသပ်ချက် များ ဝေဝေဆာဆာဖော်ပြကာ e-Empire Media House ဖုန်း–၇၀၃၈၁၃ က မြန်မာ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက် သည်။

(က–ပ)

မြောင်းမြမြို့ ရွှေဗုဒ္ဓေါ စေတီတော်မြတ်ကြီး အရှေ့ဘက်မုခ်အတက်၊ အဆင်းလမ်း ကျောက်ပြားခင်းရန်အတွက် မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှ လှူဒါန်းငွေကျပ်တစ်သိန်းကို ခရိုင်ရဲတပ်ဖွဲ့မှူးရဲမှူးနေမျိုးသူက ဘုရားဂေါပက ဦးတင်ရွှေနှင့်အဖွဲ့ထံသို့ ဇွန် ၁၈ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပန်းတိုင်အထွက်နှုန်းတိုးရေး ပညာပေးဆွေးနွေး အောင်မြင်ဖြစ်ထွန်းနေသည့် ပဲတီစိမ်းဧရိယာ စစ်ဆေး

ဆားလင်းကြီး ဇွန် ၂၇

၂၀၀၄-၂၀၀၅ ခုနှစ် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းပညာပေးဆွေးနွေးပွဲကို ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီက ဆားလင်းကြီးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာရုံးတွင်ပြုလုပ်ရာစစ်ကိုင်းတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယတိုင်းမန်နေဂျာ ဦးတင်မောင်မြင့်၊ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်မြမြ၊ တိုင်းသီးနှံပိုးမွှား ကာကွယ်ရေးတာဝန်ခံ ဒေါ်ညွန့်ညွန့်၊ တိုင်းမြေ အသုံးချရေးဌာနခွဲမှ ဒေါ်မင်းမင်းသန်းနှင့် မုံရွာခရိုင်မန်နေဂျာ ဦးတင်အောင်ဝင်းတို့က ဘာသာရပ်အလိုက် အသီးသီးပညာပေးဆွေးနွေးကြသည်။

—— အဓိကထား ——

ဆွေးနွေးပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ အဓိကသီးနှံ ၁၀ မျိုးအနက် စစ်ကိုင်းတိုင်းနှင့် သက်ဆိုင်သော အဓိကသီးနှံ ရှစ်မျိုးအား ပန်းတိုင်အထွက်နှုန်းရရှိအောင်ဆောင်ရွက်ရေး၊ မိုးစပါးဧက သိန်း၂၀ပြည့်မီရေးအတွက် အဓိကထား ဆောင်ရွက်ရေး၊ မြို့ဝင်မြို့ထွက်၊ စံပြကွက်/စမ်းသပ် ကွက်များ ပီပီပြင်ပြင် စိုက်ပျိုးရေး၊ မျိုးသန့်စံပြကျေးရွာများတည်ဆောက်ရေး၊လယ်ကန်သင်း သီးနှံစိုက်ပျိုးရေးစသည့် အချက်အလက်များကို ဆွေးနွေးကြသည်။

—— ကွင်းဆင်းစစ်ဆေး ——

ဒုတိယတိုင်းမန်နေဂျာနှင့်အဖွဲ့သည် ဆုံတား၊ မြေဇွန်းကျေးရွာရှိ အောင်မြင်ဖြစ်ထွန်းနေသော မိုးပဲတီစိမ်းဧက ၅၀၀ စိုက်ပျိုးထားသည့် ပန်းတိုင်အတွက် နှုန်းဧရိယာသို့ ကွင်းဆင်း စစ်ဆေးကြည့်ရှုသည်။ **(၄၃၅)**

ပဲခူးတိုင်း(အနောက်ပိုင်း) မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများပန်းအလှပင်များ စိုက်ပျိုးခြင်းကို ဇွန် ၂၇ ရက်က အမှုဆောင်အရာရှိ ဦးကျော်မိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်/စည်ပင်)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

ရေဦး ဇူလိုင် ၁

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၀၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ရေဦးမြို့မ သမိန်ဗရမ်းလမ်းဘေး ဝဲ၊ ယာ နေရာ၌ ဇွန် ၂၆ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

သစ်ပင်စိုက်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများမှ ပုဂ္ဂိုလ်များ၊ မြို့မရဲတပ်ဖွဲ့ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ အင်အား ၃၀၀ ကျော် တက်ရောက်ကြပြီး သစ်ဆိမ့်ပင် ၅၀၀၊ မဲဇလီပင် ၂၀၀၊ ယင်းမာ ၂၀၀၊ ငုစပ်ပင် ၂၀၀၊ လဲဝါပင် ၁၅၀၊ စိန်ပန်းပင် ၁၅၀၊ သြရေရှားပင် ၁၅၀ စုစုပေါင်း သစ်ပင်မျိုးစုံ ၁၅၀၀ ပင်ကို စိုက်ပျိုးကြကြောင်း သိရသည်။ (၃၉၀)

ရိပ်သာတည်ဆောက်မှု ပါဝင်လှူဒါန်းနိုင်

ဂန့်ဂေါ ဇွန် ၂၈

မကွေးတိုင်း ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ကန်သာရွာ ကျုံးဖြတ်တောင်ရှိ မဟာဗောဓိရိပ်သာတရားဌာနမှာ ပျက်စီးယိုယွင်းခဲ့သဖြင့် ပြန်လည်တည်ဆောက်မည်ဖြစ်သည်။ စေတနာရှင်များသည် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် မဟာစည်သာသနာ့ရိပ်သာ အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၅၉၁၈၊ ၅၄၅၉၇၁ သို့လည်းကောင်း၊ ဘဒ္ဒန္တ သာသနာဘိဝံသ ရွှေဝါဝင်းကျောင်း၊ မြတောင်ကျောင်းတိုက် (၃၅-အေ)လမ်း၊ မဟာအောင်မြေမြို့နယ် မန္တလေး ဖုန်း-၀၂-၃၉၂၃၈ သို့ လည်းကောင်း၊ ဘဒ္ဒန္တ သီလာစာရ (ကမ္မဋ္ဌာနာစရိယ) မဟာဗောဓိရိပ်သာ ကန်သာရွာ ဂန့်ဂေါမြို့နယ် ဖုန်း-၂၁၆၁၆၊ ၂၁၆၁၈ (အိပ်ချိန်း)ဖုန်း-၆၇ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အရှိန်အဟုန်မြှင့် တိုးချဲ့မွေးမြူရေးဆွေးနွေး ကုန်ထုတ်သမ ဖွဲ့စည်းရေး ပဏာမညှိနှိုင်း

